The Agribiz News
www.agribiznews.com.mm
လယ်ယာ စီးပွား သတင်း

e-Paper-0032 ၂၀၂၅ ခုနှစ် မေ ၁ ရက်

# ဧရာဝတီတိုင်းဒေသကြီး၏ လျာထားစိုက်ဧက ပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော်၊ ဧပြီ ၂၇

ဧရာဝတီတိုင်းဒေသကြီး ၏ လျာထား စိုက်ဧကပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေး ညှိနှိုင်းအစည်းအဝေးကို ဧပြီ၂၇ ရက်နေ့ ညနေပိုင်းက ပုသိမ်မြို့ ရှိ တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်သည်။






အစည်းအဝေးတွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဆွေးနွေးမှာကြားရာတွင် မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်မှုရှိခဲ့သည့် ဒေသများရှိ သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုမရှိသော်လည်း မြေဆီလွှာပြောင်းလဲမှု ရာသီဥတုပြောင်းလဲမှုများကြောင့် သီးနှံအထွက်နှုန်း အထိုက်အလျောက် ကျဆင်းနိုင်မှုအား ကာမိစေရန် ငလျင်ဒဏ်သက်ရောက်မှု မရှိသလောက်နည်းပါးခဲ့သည့် ဧရာဝတီ တိုင်းဒေသကြီးတွင် နွေစပါးနှင့်သီးနှံများ ရိတ်သိမ်းရာတွင် လေလွင့်ဆုံးရှုံးမှုမရှိစေရေး နှင့် မိုးသီးနှံ လျာထားဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးကို ဝိုင်းဝန်းကြိုးပမ်းကြရန် ဖြစ်ကြောင်း၊ တောင်သူအကျိုး ပြည်သူများအကျိုး၊ ဌာနနှင့် နိုင်ငံတော်၏ လိုအပ်ချက်အရ မြေမနား လူမအား သီးထပ်သီးနှံများ တိုးမြှင့်စိုက်ပျိုးနိုင်ရေးကို မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပြီး ကြိုးပမ်းဆောင်ရွက်သလောက် အကျိုးရလဒ်ရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်စီမံမှုနှင့် လျှပ်စစ်မီးတိုးမြှင့်ရရှိမှု အခြေအနေများကြောင့် စွမ်းအင်ဝန်ကြီးဌာနက ယခုနှစ် ယူရီးယားဓာတ်မြေဩဇာ လျာထားချက်ပြည့်မီစွာ ထုတ်လုပ် နိုင်လျက်ရှိရာ မိုးစပါးစိုက်ပျိုးရာသီ အချိန်မီ တောင်သူ့လယ်ဝယ် အရောက် ဖြန့်ဖြူးနိုင်ရေး အတွက် ပထမ ၃ လပတ်တွင် တိုင်းဒေသကြီး ပြည်နယ်များသို့ ပေးဝေရမည့် ပမာဏကို သတ်မှတ်ထုတ်ပေးနိုင်ရန် အကြောင်းကြားထားပြီးဖြစ်၍ အချိန်မီထုတ်ယူဖြန့်ဝေရန် နှင့် အခြားလိုအပ်သော ဓာတ်မြေဩဇာများ လုံလောက်စွာသုံးစွဲနိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးခြင်းဖူလုံရေးအပေါ်မူတည်၍ ဆန်စပါးစိုက်ပျိုးထွက်ရှိမှုနှင့် ပြည်ပတင်ပို့မှုကို စိစစ်ကြပ်မတ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အောင်နိုင်တိုး စပါးမျိုးအပါအဝင် ပြည်တွင်းထုတ် စပါးမျိုးကို ဦးစားပေးစိုက်ပျိုးထုတ်လုပ်နိုင်ရေး စနစ်တကျ လျာထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၎င်းအပြင် ဈေးကွက်ဝေစုရရှိရန်လည်း ပံ့ပိုးရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ အရင်းမပျောက်မ,တည်ငွေအဖြစ် ကော်မတီမှ ထုတ်ပေး ထားသော ချေးငွေများကို သတ်မှတ်ကာလအတွင်း အပြည့်အဝ ပြန်လည်ကောက်ခံ ရရှိရေး တွန်းအားပေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်တွင်း အသားစားသုံးမှုဖူလုံရေးနှင့် မွေးမြူရေးကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နယ်မြေဒေသအလိုက် စွမ်းအားပြည့်လုပ်ကိုင်ဆောင်ရွက်နိုင်ရေး စနစ်တကျစီမံ ဆောင်ရွက်နိုင်ရန် မြို့နယ် ခရိုင်အလိုက် တာဝန်ရှိသူများက ပကတိအခြေအနေမှန်ကို ပြုစုတင်ပြ ကြရမည်ဖြစ်ကြောင်း၊

တိုင်းဒေသကြီးအစိုးရ၏ အနီးကပ်ကြီးကြပ်မှု သက်ဆိုင်ရာဌာနများ၏ ပူးပေါင်း ဆောင်ရွက်မှုဖြင့် စနစ်ကျသော ငါး ပုစွန် ဖမ်းဆီးမှု ၊ စနစ်ကျသော ငါး ပုစွန် မွေးမြူ ထုတ်လုပ်မှုဖြစ်စေရေး စီမံဆောင်ရွက်ရန် လိုကြောင်း၊ ပြည်ပဈေးကွက်၏ တောင်းဆိုမှုနှင့်အညီ ဈေးကွက်သို့တင်ပို့နိုင်ရန် ငါးမွေးကန်များ အားလုံး ကောင်းမွန်သောငါးမွေးမြူရေးကျင့်စဉ်ပါ စည်းကမ်းသတ်မှတ်ချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်ရေး ပညာပေးစည်းရုံးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊

မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်ချထားပေးရာတွင် အာဟာရပြည့်ဝရေး နှင့် စားရေရိက္ခာဖူလုံရေးကို တိုက်ရိုက်အကျိုးပြုသည့် သီးနှံများစိုက်ပျိုးနိုင်ရေး ဦးစားပေး စီမံ ဆောင်ရွက်ရန် လိုကြောင်း၊ ကွမ်းသီး

စာ-၃ သို့

ပဲတီစိမ်း အထွက်တိုးပြီး ဝင်ငွေကောင်းအောင်.....
စာ-၈

တန်ဖိုးမြင့်ရေထွက်ကုန် ဂဏန်းပျော့....
စာ-၁၆

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ Grade-10, Grade-11 နှင့် Grade-12 အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊မွေးမြူရေးအထက်တန်းကျောင်းများတွင် သင်ကြားမည့် ဆရာ/ဆရာမများ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေး အထူးပြုဘာသာရပ် ဆိုင်ရာ ကျွမ်းကျင်မှုနှင့် သင်ကြားရေးနည်းစနစ်များ စွမ်းရည်မြှင့်တင်ရေး သင်တန်းဖွင့်လှစ်

နေပြည်တော်၊ဧပြီလ၂၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ Grade-10, Grade-11 နှင့် Grade-12 အခြေခံပညာနှင့် စက်မှု ၊ စိုက်ပျိုး၊မွေးမြူရေးအထက်တန်းကျောင်းများတွင် သင်ကြားမည့် ဆရာ/ဆရာမများ၏ စိုက်ပျိုးရေး နှင့် မွေးမြူရေး အထူးပြုဘာသာရပ် ဆိုင်ရာ ကျွမ်းကျင်မှုနှင့် သင်ကြားရေးနည်းစနစ်များ စွမ်းရည်မြှင့်တင် ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၈ ရက်နေ့က ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိ မြို့နယ်၊ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်၌ ကျင်းပပြုလုပ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ ဌာနမှူး များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းပို့ချမည့် ဆရာ/ဆရာမများ၊ တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးမှ သင်တန်းတက်ရောက်လာကြသော သင်တန်းသား/သင်တန်းသူ ဆရာ/ ဆရာမများနှင့် ဖိတ်ကြားထား သူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက နိုင်ငံတော်၏ အခြေခံ စီးပွားရေး ကဏ္ဍဖြစ်သည့် စိုက်ပျိုး၊ မွေးမြူ ထုတ်လုပ်ရေးအတွက် လိုအပ်လျက် ရှိသည့် စိုက်ပျိုး၊ မွေးမြူရေး အတတ်ပညာများ ကျွမ်းကျင်သူ လူသား အရင်းအမြစ်များ လေ့ကျင့်သင်ကြား မွေးထုတ်ပေးရန်အတွက် သင်ကြားရေး ဆရာ၊ ဆရာမများ၏ အရည်အသွေး တိုးတက်မြင့်မားရေးသည်လည်း ဦးစားပေးဆောင်ရွက်ရမည့် အလွန်အရေးကြီးသော လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးတွင်ရှိသည့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ လာရောက်ပြီး သင်ကြားတက်ရောက်ကြရသည်ဖြစ်သော်လည်း သင်ကြားရေးတာဝန် ထမ်းဆောင်မည့် ဆရာ၊ ဆရာမများအတွက် အခြေခံ မသိမဖြစ် လိုအပ်သော သင်ကြားရေး အတတ်ပညာများ၊ လုပ်ထုံးလုပ်နည်းစနစ်များ၊ လိုက်နာကျင့်သုံးရန်များကို သင်ကြားပို့ချပေးသွားမည့် အကျိုးရှိသော သင်တန်းဖြစ်သည့်အတွက် စိတ်ဝင်တစား၊ စွဲမြဲစွာ လေ့လာမှတ်သား ကြရမှာဖြစ်ကြောင်း၊ ကာယ၊ ဉာဏ၊ စာရိတ္တဆိုင်ရာ ဘက်စုံကျွမ်းကျင်သော စနစ်သစ် ပညာရေးအလျင်အမြန် အောင်မြင်စေရန်မှာ ဆရာတို့၏ အဓိကတာဝန် ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်အတွက် အရည်အသွေး ပြည့်ဝသည့် ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးရေးတွင်လည်း ဆရာသည်သာ အခရာဖြစ်ကြောင်း၊ အစဉ်တိုးတက် ပြောင်းလဲနေသော ပညာခေတ်တွင် ဆရာသည် မိမိနိုင်ငံသားများ ပညာရည် မြင့်မားရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ခေတ်မီ အတတ်ပညာများ၊ နည်းပညာများကို အစဉ်လေ့လာဆည်းပူး ဖြည့်ဆည်း နေကြရမှာဖြစ်ကြောင်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ကျောင်းသား/ကျောင်းသူ၏ အသက်မွေးဝမ်းကျောင်းပညာရေးခရီး အခြေခံအစပြုရာ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းပညာရပ်များကို သင်ကြားပေးကြမည့် ဆရာ/ ဆရာမများ၏ ကိုယ်ပိုင်အရည် အသွေး/ အရည်အချင်း ပြည့်ဝ နေရန်အချက်များလည်း နိုင်ငံတော်၏ စိုက်ပျိုး၊ မွေးမြူထုတ်လုပ်မှုကဏ္ဍအတွက် သော်လည်းကောင်း၊ အဆင့်မီ အရည်အချင်း ပြည့်ဝသည့် လူ့စွမ်းအားအရင်း အမြစ်များ မွေးထုတ်ပေးရန်အတွက် သော်လည်းကောင်း အလွန်အရေးပါသည့် အချက် ဖြစ်ကြောင်း၊ ထိုသို့ အရေးပါသည့်အတွက် ဆရာ/ ဆရာမများ သင်ကြားရေး တာဝန်အဖြစ် ထမ်းဆောင်ကြမည့်သူများအတွက် ယခုလို စွမ်းရည်မြှင့်တင် သင်တန်းများ ဖွင့်လှစ်သင်ကြား ပေးခဲ့ရာ ယခုနှစ်တွင် Grade 10, Grade 11 & Grade 12 (၃)တန်းအတွက် ဖွင့်လှစ်သွားမှာဖြစ်ပြီး Grade 12 သည် အခြေခံ ပညာအထက်တန်း ပြီးမြောက်ကြမည့် ကျောင်းသား/ ကျောင်းသူများကို သင်ကြားပို့ချကြရမည်ဖြစ်သည့်အတွက် ယခုသင်တန်းမှ သင်ကြားပို့ချမှုများကို ဂရုစိုက်လေ့လာမှတ်သားကြရန် မှာကြားသည်။

ထို့နောက် စိုက်ပျိုးရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်တို့က ကြိုဆိုနှုတ်ခွန်းဆက် အမှာစကား ပြောကြား ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။ အဆိုပါသင်တန်းသို့ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှသင်တန်းသား/သင်တန်းသူ ဆရာ/ ဆရာမများ ၄၄၇ ဦး တက်ရောက် ကြပြီး သင်တန်းကာလ ရက်သတ္တ ၃ ပါတ်ကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် စိုက်ပျိုးရေးတက္ကသိုလ်ရှိ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများ၏မိသားစုများ၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ရှိ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနဝန်ထမ်းများ၏မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံအားပေးပြီး လိုအပ်ချက်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**MOALI**

# ၂၀၂၅ ခုနှစ် မေ လပတ် မိုးလေဝသအခြေအနေ



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် မေ ၁၆ ရက်မှ ၂၀ ရက် မြန်မာနိုင်ငံ တောင်ပိုင်း ဒေသများသို့လည်းကောင်း၊မေ ၂၁ ရက်မှ ၂၅ ရက် အတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့လည်း ကောင်း၊ မေ ၂၆ရက်မှ ၃၁ ရက် အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့လည်းကောင်း အသီးသီးဝင် ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်း လာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်ရှိနိုင်သည်။ ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည် တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ မကွေး တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်း ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုး ထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင် ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင် ပြည်နယ်တို့တွင် ၁၅ ရက် မှ၂၁ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ် နှင့် ရှမ်း ပြည်နယ်တို့တွင် ၈ ရက်မှ ၁၄ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

## နေ့အပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် တို့တွင် မေလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

## မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊က သာမြို့နှင့်သပိတ်ကျင်း မြို့တို့တွင်၇ပေမှ၉ပေခန့်၊ မန္တလေးမြို့၊စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ပခုက္ကူမြို့၊ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့်ဇလွန်မြို့တို့တွင် ၅ ပေမှ ၇ ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊မော် လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၅ ပေမှ ၈ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက် လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၄ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေ သည် သီပေါမြို့တွင် ၁ ပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၃ ပေမှ ၄ ပေ ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင်၂ ပေမှ ၃ ပေ ခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင်၁ ပေခွဲခန့်၊ ပဲခူးမြစ်ရေသည် ဇောင်း တူမြို့တွင် ၁ ပေခွဲခန့်နှင့် ပဲခူးမြို့တွင် ၄ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံ မြို့တွင် ၃ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၃ ပေခန့်၊ ငဝန်မြစ် ရေသည် ငါးသိုင်းချောင်းမြို့တွင် ၅ ပေခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့ တွင်၂ပေမှ၃ပေခန့်၊ တိုးမြစ်ရေ သည် မအူပင်မြို့တွင်၂ ပေခန့်နှင့် ဘီးလင်း မြစ်ရေသည် ဘီးလင်းမြို့တွင် ၃ ပေခန့် လက်ရှိ ရေမှတ်များအထက် မြင့် တက်လာနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

Agribiz News www.agribiznews.com.mm မြန်မာ့မြေ့ သတင်း

တာဝန်ခံအယ်ဒီတာ
ထွန်းသက်ပိုင်

အယ်ဒီတာအဖွဲ့ဝင်များ
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

ထုတ်ဝေသူ
ဒေါက်တာအောင်ဖံထွေး
(မြ-၀၀၄၁၀)

လိပ်စာ
ရုံးအမှတ်(၄၃)
စိုက်ပျိုးရေး မွေးမြူရေးနှင့်
ဆည်မြောင်း ဝန်ကြီးဌာန
နေပြည်တော်
ဖုန်း ၀၆၇ ၃၄၁၀၁၄၂

မျက်နှာဖုံးမှ-

ကဲ့သို့သော အာဟာရမဖြစ်သည့်အပင်များ စိုက်ပျိုးရန် အတွက် မြေအသုံးချခွင့်မပြုရန် လိုကြောင်း၊

လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့်ပြုရာတွင် ဒေသဝမ်းစာဖူလုံရေး နှင့် နိုင်ငံတော်၏ စားရေရိက္ခာဖူလုံ ရေးကို ဦးစားပေးစဉ်းစားပြီး တည်ဆဲ လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြစ်စေရေး စိစစ် ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးအစိုးရ အနေဖြင့်လည်း အလေးထားလိုက်နာကြပ်မတ်စေလို ကြောင်း၊

တိုင်းဒေသကြီး မြေလွတ်၊မြေလပ်နှင့်မြေရိုင်း များစီမံခန့်ခွဲမှုအဖွဲ့ နှင့် တိုင်းဒေသကြီး လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့များအနေဖြင့် ဆိုင်ရာ ဥပဒေ ၊ နည်းဥပဒေ များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရန်နှင့် ချမှတ်ထားသည့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြား ချက်များ အတိုင်း စနစ်တကျ လိုက်နာဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက သီးနှံများ အလေအလွင့် မရှိ ရိတ်သိမ်းခြွေလှေ့နိုင်ရေးအတွက် လိုအပ်သော စက်ကိရိယာအသုံးပြုနိုင်ရေး၊ နည်းပညာ အသိပညာပေ ရေးဆောင်ရွက်နေမှု ၊ နှစ်အလိုက် သီးနှံစိုက်ပျိုးထွက်ရှိမှု၊ ဈေးကွက် အခြေအနေနှင့် တောင်သူ့အကျိုးအမြတ် တွက်ချက် စီမံဆောင်ရွက်နေမှု၊ အဓိကသီးနှံ ၁၀ မျိုး လျာထား ကေပြည့် စိုက်ပျိုးနိုင်ရေးနှင့် သီးနှံစံပန်းတိုင် အထွက်ရရှိရေး အတွက် မျိုးစေ့၊ သွင်းအားစုနှင့် လိုအပ် သည့် ကြပ်မတ်ဖြည့်ဆည်းဆောင်ရွက်နေမှုများ၊ စားသုံး ဆီဖူလုံရေး အတွက် သီးနှံအထွက်နှုန်းအပြင် ဆီထွက် နှုန်းမြင့်မားရေးစီမံဆောင်ရွက်နေမှု၊ ပျားမွေးမြူရေး လုပ်ငန်း ရေရှည်တည်တံ့စွာ ဆောင်ရွက်နိုင်ရေး၊ ဧရာ ဝတီ တိုင်းဒေသကြီး၏ သားငါးမွေးမြူ ထုတ်လုပ်မှု တိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး အားပေး ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးပြောကြားသည်။

၎င်းနောက် ဦးစီးဌာနအလိုက် ညွှန်ကြားရေး မှူးချုပ်များနှင့် တိုင်းဒေသကြီးအဆင့် လယ်ယာကဏ္ဍ ဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးအခြေခံကုန်ထုတ်လုပ်ငန်းများတိုးမြှင့်ဆောင်ရွက် ရေး စီမံဆောင်ရွက် ထားရှိမှုများကိုရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး မွေးမြူရေး ဆိုင်ရာဝန်ကြီးက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီး စိုက်ပျိုးမွေးမြူသူ တောင်သူများအကျိုး နှင့် စားသုံးသူပြည်သူများ စားရေ ရိက္ခာဖူလုံစေရန်အတွက် နိုင်ငံ့ဝန်ထမ်း ဥပဒေနှင့်အညီ တာဝန် ကျေပွန်စွာ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြား ခဲ့ ကြောင်း သတင်းရရှိသည်။

MOALI

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလိုက်ရေလှောင်တမံနှင့် ဖောင်းလောင် ရေလှောင်တမံ ကြံ့ခိုင်မှုအခြေအနေစစ်ဆေး




နေပြည်တော်၊ မေ ၂၇

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် မေ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဇမ္ဗူသီရိမြို့နယ်ရှိ ငလိုက်ရာဘာ ရေလွှဲဆည်နှင့် ဥတ္တရသီရိမြို့နယ်၊ ကျွဲရှင်းကျေးရွာ အနီးရှိ ငလိုက်ရေလှောင်တမံ၊ ဖောင်းလောင်ရေလှောင်တမံတို့၏ မန္တလေးငလျင်ကြီး လှုပ်ခတ်ပြီးနောက် ကြံ့ခိုင်မှု အခြေအနေများ၊ ဆည်ရေသောက်စနစ်များ ထိခိုက်ခဲ့မှုနှင့် အရေးပေါ်ယာယီ ပြုပြင်ဆောင်ရွက်၍ စိုက်ပျိုးရေပြန်လည် ပေးဝေနေမှု အခြေအနေများအား ကွင်းဆင်း ကြည့်ရှု စစ်ဆေးသည်။**

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် ငလိုက်ရာဘာ ရေလွှဲဆည် ကြံ့ခိုင်မှု အခြေအနေနှင့် လက်ဝဲ/လက်ယာ ရေသောက်စနစ်အချို့ထိခိုက်ပျက်စီးခဲ့မှုအပေါ် အရေးပေါ်ယာယီ ပြုပြင်ဆောင်ရွက်၍ နွေစပါး၊ နွေအခြားသီးနှံများကို စိုက်ပျိုးရေ ပြန်လည်ပေးဝေမှု အခြေအနေများ အားလည်းကောင်း၊ ငလိုက်ရေလှောင်တမံ၊ ရေပိုလွှဲ၊ ရေထုတ်ပြွန်နှင့် ဆက်စပ်ရေအား အဆောက်အအုံ ကြံ့ခိုင်မှုအခြေအနေများအားလည်းကောင်း ကြည့်ရှုစစ်ဆေးစဉ် မူလလျာထားဧကများအတိုင်း စိုက်ပျိုးရေအပြည့်အဝ ပြန်လည် ပေးဝေနိုင်ရေး ဆွေးနွေးမှာကြားသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် ငလိုက်ဆည်ရေသောက်စနစ်အတွင်းထိခိုက်ပျက်စီးခဲ့သော ရေပေးမြောင်းနှင့် ဆက်စပ်ရေအားအဆောက်အအုံများအား အရေးပေါ်ယာယီပြန်လည်ပြုပြင်ပြီးနောက် နွေစပါး၊ နွေသီးနှံ စိုက်ပျိုးရေများအား မေ ၃ ရက်နေ့မှ စတင်၍ပြန်လည် ပေးဝေလျက်ရှိကြောင်းနှင့် လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မန္တလေးငလျင်ကြီး လှုပ်ခတ်ပြီးနောက် ဖောင်းလောင်ရေလှောင်တမံ အနည်းငယ်ထိခိုက်ခဲ့မှုအခြေအနေ၊ ဆက်စပ်ရေအား အဆောက်အအုံများ ကြံ့ခိုင်မှုအခြေအနေနှင့် ဆည်ရေသောက်စနစ်များ ထိခိုက်ခဲ့မှုနှင့် အရေးပေါ်ယာယီ ပြုပြင်ဆောင်ရွက်၍ စိုက်ပျိုးရေပြန်လည် ပေးဝေနေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများက မန္တလေးငလျင်ကြီး လှုပ်ခတ်အပြီး ရေလှောင်တမံနှင့်ပတ်သက်၍ ကြံ့ခိုင်မှုများကို အချိန်နှင့်တစ်ပြေးညီ နေ့စဉ်တိုင်းတာ စစ်ဆေးခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရေလှောင်တမံနှင့် ဆက်စပ်ရေအားအဆောက်အအုံများ ဘေးကင်းလုံခြုံမှုအခြေအနေ မျက်မြင်စစ်ဆေးမှု အစီရင်ခံစာပါ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန်နှင့် နည်းပညာပိုင်းဆိုင်ရာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ပြီး နွေစပါး စိုက်ပျိုးရာသီအပြီး မိုးစပါးစိုက်ပျိုးရေ မပေးဝေမီ ကြားကာလအတွင်း လိုအပ်သည့်အခိုင်အမာပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံကြရန်၊ ရေသောက်စနစ်များတွင် စိုက်ပျိုးရေပြန်လည်ပေးဝေမှုအပေါ် ရေကို အလေအလွင့်နည်းပါးစွာဖြင့် အကျိုးရှိစွာ အသုံးချနိုင်ရေး စီမံဆောင်ရွက်ကြရန်၊ မူလလျာထား စိုက်ပျိုးဧရိယာများအားအထွက်နှုန်းလျော့ကျမှုမရှိစေရေးနှင့် တောင်သူများအား ရေအနည်းလိုစပါးမျိုးများ ရွေးချယ်စိုက်ပျိုးနိုင်ရေး အသိပညာပေး ဆောင်ရွက်ကြရန်နှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များအား သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

MOALI

## စိန်တလုံးသရက် ပြည်တွင်းဈေးနှုန်း မြင့်တက်

မေ ၂၁

**သစ်**သီးဝလံ လက်ကားရောင်းဝယ်ရေးစင်တာများ၏ အဆိုအရ စိန်တလုံးသရက်သီးဈေးနှုန်းသည် နိုင်ငံခြားဈေးကွက်ထက် ပြည်တွင်းဈေးကွက်တွင် ပိုမိုကောင်းမွန်နေသည်ဟု ဆိုသည်။ မန္တလေးမှ မိုင်းလားသို့ ပို့ဆောင်ခြင်းနှင့် ကူမင်း-မန့်ရှီး-ရွှေးလီကို ပို့ဆောင်မှုတွင် တစ်ရက်ကြာမြင့်ပြီး သယ်ယူပို့ဆောင်စရိတ် ပိုမိုကုန်ကျမှုများကြောင့် ဈေးကောင်း မရနိုင်ကြောင်း ခွာညို သစ်သီးဝယ်ရေးက ဆိုသည်။ ထို့ပြင် သရက်သီးကားများ ၂ စီး သို့မဟုတ် ၃ စီး တစ်ပြိုင်တည်း ရောက်လာပါက ဈေးနှုန်းကျဆင်းမည်ဖြစ်ကြောင်းလည်း ဆိုသည်။

"ပြည်တွင်းဈေးကွက်တွင် သရက်သီးတစ်ခြင်း ဈေးနှုန်းမှာ ကျပ် ၅၀,၀၀၀ မှ ၆၀,၀၀၀ အတွင်းရှိရာ တရုတ်နိုင်ငံသုံးငွေဆိုပါက ယွမ် ၁၃၀ မှ ၁၄၀ အတွင်း ရရှိကြောင်း၊ သို့သော် တာလော့(တရုတ်)တွင် ရောင်းချပါက ထိုဈေး ရဖို့မလွယ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းဈေးကွက်သည် အားသာချက်ရှိနေကြောင်း" ထိုရောင်းဝယ်ရေးက ပြောကြားသည်။



လက်ရှိအချိန်တွင် လယ်သမားများသည် ထွက်ရှိမှုတိုးလာပါက Wanton ဈေးကွက်ကို မျှော်လင့်နေကြသည်။ နှစ်ညနှင့်သုံးရက်ကြာ ခရီးရှည်ဖြစ်သဖြင့် သရက်သီးလတ်ဆတ်မှု မရှိနိုင်တော့ပေ။ လက်ရှိတွင် ထွက်ရှိမှုလည်း ကျဆင်းနေပြီး ပြည်တွင်းပြည်ပ ဝယ်လိုအား ကျဆင်းနေသည်ဟု သိရသည်။

TTP

http://www.gnlm.com.mm

# ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် တရုတ်နိုင်ငံ၏ အကောက်ခွန်ကင်းလွတ်ခွင့်မူဝါဒသည် ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို အကျိုးပြု

**အ**မေရိကန်သမ္မတဒေါ်နယ်ထရန့်က တစ်ကမ္ဘာလုံးကို အခွန်တိုးမြှင့်ကောက်ခံမှုကြောင့် ကမ္ဘာ့စီးပွားရေးကို ထိခိုက်နေချိန်တွင် ကမ္ဘာ့ဒုတိယ စီး ပွား ရေး အ င် အား အ ကြီး ဆုံး တရုတ်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးနှင့် စီးပွားရေးတိုးတက်မှုကို အ ထော က် အ ကူ ဖြ စ် စေ ရ န် အကောင်းဆုံး လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

တရုတ်နိုင်ငံ၏ နောက်ဆုံးလုပ်ဆောင်မှုတစ်ခုမှာ တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေး ထူထောင်ထားသည့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ ၄၃ နိုင်ငံသို့ အကောက်ခွန်ကင်းလွတ်ခွင့်ပေးခြင်းပင်ဖြစ်ကြောင်း၊ အဆိုပါကြေညာချက်ကို ၂၀၂၄ ခုနှစ် အကုန်တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အကောက်ခွန်ကင်းလွတ်ခွင့်အစီအစဉ်တွင် LDC ၄၃ နိုင်ငံပါဝင်ပြီး ၎င်းတို့အနက် ၃၃ နိုင်ငံ သည် အာဖရိကတွင်ရှိပြီး အာရှတွင် ၈ နိုင်ငံနှင့် သမုဒ္ဒရာပိုင်းတွင် ၂ နိုင်ငံပါဝင်ကြောင်း သိရှိရသည်။

ကမ္ဘာ့ကုလသမဂ္ဂမှ ထုတ်ပြန်သည့် အချက်အလက်များအရ လူဦးရေသန်း ၉၀၀ ခန့်သည် ကမ္ဘာတစ်ဝန်းရှိ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများတွင် နေထိုင်ကြပြီး ကမ္ဘာ့လူဦးရေ၏ ၁၂ ရာခိုင်နှုန်း ခန့်ရှိကြောင်း၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ စုစုပေါင်းပမာဏသည် ကမ္ဘာ့စီးပွားရေး၏ ၂ ရာခိုင် နှုန်းခန့်သာရှိပြီး ကမ္ဘာ့ကုန်သွယ်မှု၏ ၁ ရာခိုင်နှုန်းဝန်းကျင်သာရှိကြောင်း သိရှိရသည်။

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ သည် က မ္ဘာ့ ကု န် သွ ယ် မှု ကွ န် ရ က် ကို ကောင်းစွာအသုံးချနိုင်ပါက စီးပွားရေး တိုး တ က် မှု အ များ ကြီး ရ ရှိ နိုင် သော်လည်း ၎င်းတို့သည် ကမ္ဘာ့ကုန်သွယ်မှုတွင် ပါဝင် ဆောင်ရွက်နိုင်မှုနည်းပါးလျက်ရှိကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးတွင် ပိုမိုပါဝင်နိုင်ပါက တိုးတက်မှု အလားအလာများစွာရှိသော်လည်း ၎င်းတို့၏ ပို့ကုန်များသည် ကုန်ကြမ်းများဖြစ်၍ စက်မှုထွန်း ကားသည့် ၎င်းတို့၏ ပြိုင်ဖက်များနှင့် ယှဉ်ပြိုင်နိုင်မှု အလွန်နည်းပါကြောင်း ဖော်ပြထားသည်။

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ သည် အများအားဖြင့် အလုပ်လုပ်ကိုင်နိုင်သော အသက်အရွယ်ရှိသည့်လုပ်သားအင်အား အများအပြားရှိသော်လည်း အရင်းအနှီးမလုံလောက်ခြင်းကြောင့် အလုပ်သမားများ၏ ထုတ်လုပ်မှုစွမ်းရည်သည် သိသိသာသာ အားနည်းလျက်ရှိကြောင်း၊ စိုက်ပျိုးရေးကို သာဓကအနေဖြင့် ကြည့်ပါက လယ်ယာသုံးစက်ယန္တရားများ မရှိခြင်းသည် ထုတ်လုပ်မှု စွမ်းဆောင်ရည်ကို များစွာ လျော့နည်းစေလျက်ရှိကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဓာတ်မြေဩဇာကြဲပက်ရန် ဒရုန်းများကို အသုံးပြုနေချိန်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများရှိ တောင်သူများသည် လက်ဗလာဖြင့် ထိုအလုပ်များကို လုပ်ကိုင်ကြရပြီး ဝင်ငွေလည်းနည်းပါးကြောင်း သိရှိရ သည်။

အဆိုပါဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ စီးပွားရေးတိုးတက်စေရန်အတွက် စီးပွားရေးအရ အနိုင်ကျင့်ခြင်းမျိုးမဟုတ်ဘဲ ၎င်းတို့အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးတွင် ပံ့ပိုးကူညီမှုဖြတ်ကျော် ကုန်သွယ်မှုသည် အားကောင်းပြီးရင်း အားကောင်းလာလျက်ရှိကြောင်း သိရှိရပါသည်။

တရုတ်အကောက်ခွန်ဌာနမှ နောက်ဆုံးရရှိသော အချက်အလက်များအရ ၂၀၂၅ ခုနှစ် ပထမသုံးလပတ်တွင် တရုတ်နိုင်ငံ၏ စုစုပေါင်းသွင်းကုန်နှင့် ပို့ကုန်သည် ယွမ်ငွေ ၁၀ ဒသမ ၃ ထရီလီ ယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ထရီလီယံဝန်းကျင်)ရှိပြီး လွန်ခဲ့သည့်တစ်နှစ်ကထက် ၁ ဒသမ ၃ ရာခိုင် နှုန်း တိုးတက်လာကြောင်း၊ တရုတ်နိုင်ငံ၏ ပို့ကုန်သည် တစ်နှစ်ထက်တစ်နှစ် ၆ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး သွင်းကုန်သည် ၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု ဆိုသည်။



များကို ရရှိရမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံက ပေးအပ်ထားသော အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့်ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများမှ ထုတ်ကုန်များသည် လူလတ်တန်းစားများ လျင်မြန်စွာ တိုးတက်လာ နေသော စားသုံးသူ ၁ ဒသမ ၄ ဘီလီယံရှိသည့် တရုတ်ဈေးကွက်ကြီးထဲသို့ ဝင်ရောက်နိုင်ကြောင်း၊ အခြားတစ်ဖက်တွင် အမေရိကန်ဘက်မှ ဆောင်ရွက်လျက်ရှိသော အကောက်ခွန်စစ်ပွဲကြောင့် အဆိုပါစီးပွားရေးအင်အားနည်းပါးသောနိုင်ငံများသည် ကြမ်းတမ်းသည့် ကမ္ဘာ့ကုန်သွယ်ရေး ဈေးကွက်တွင် ရှင်သန်ရန်ပင် အခက်အခဲရှိကြောင်း သိရသည်။

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ ၄၃ နိုင်ငံအတွက် တရုတ်နိုင်ငံက အကောက်ခွန်ကင်းလွတ်ခွင့် ပေးလိုက်ခြင်းဖြင့် တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် ကမ္ဘာ့ကုန်သွယ်ရေးသည် ထိခိုက်သွားမည်မဟုတ်ကြောင်း၊ အခြားတစ်ဖက်တွင် တရုတ်နိုင်ငံသည် ကမ္ဘာ့ဈေးကွက်အတွက် အရေးကြီးဆုံးအချက်အချာများအနက်မှတစ်ခုဖြစ်သောကြောင့် တရုတ်၏ နယ်စပ်

ကမ္ဘာ့ကုန်သွယ်ရေးတွင် တရုတ်နိုင်ငံ၏ တိုးတက်မှုနှင့် ကမ္ဘာ့ကုန်သွယ်မှုစနစ်တွင် ခိုင်မာသော ရပ်တည်မှုနောက်ကွယ်က အကြောင်းအရင်းမှာ တရုတ်စက်မှုလုပ်ငန်းစနစ်၏ ပြိုင်ဆိုင်နိုင် မှုပင်ဖြစ်ပြီး ကုန်သွယ်မှုတွင် ကိုယ်ကျိုးစီးပွားကာကွယ်ရေးအတွက် အကောက်ခွန် တိုးမြှင့်ခြင်း မဟုတ်ကြောင်း၊ ၂၀၂၄ ခုနှစ် ပထမသုံးလပတ်၌ အဆင့်မြင့်ကုန်ထုတ်လုပ်မှု၊ စမတ်နည်းပညာများနှင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိသောနည်းပညာတို့တွင် အားသာချက်ရှိသည့် တရုတ်ထုတ်ကုန်များသည် တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးတိုးတက်မှုကို သိသိသာသာ အထောက်အကူဖြစ်စေ ကြောင်း၊ နောက်ဆုံးရ အချက်အလက်များအရ တရုတ်နိုင်ငံ၏ လေအားလျှပ်စစ်ဓာတ်အားပေး စက်များ၊ လီသီယမ်ဘက်ထရီများနှင့် လျှပ်စစ်ကားများ တင်ပို့မှုမှာ ၄၃ ဒသမ ၂ ရာခိုင်နှုန်း၊ ၁၈ ဒသမ ၈ ရာခိုင်နှုန်းနှင့် ၈ ဒသမ ၂ ရာခိုင်နှုန်း အသီးသီး တိုးလာခဲ့ကြောင်း သိရှိရပါသည်။

ပို့ကုန်များ ခိုင်မာစွာ တိုးတက်လာခြင်းနှင့်အတူ တရုတ်နိုင်ငံမှ အကောက်ခွန် ကင်း လွ တ် ခွ င့် ပေး ထား သ ည့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ အပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုမှာလည်း သိသိသာသာ တိုးတက်လာခဲ့ကြောင်း၊ တရုတ်အကောက်ခွန်ဌာန၏ အချက်အလက်များအရ တရုတ်နိုင်ငံ၏ အာဆီယံ၊ အာဖရိကနှင့် လက်တင်အမေရိကတို့နှင့် ကုန်သွယ် မှုသည် ၂၀၂၅ ခုနှစ်၊ ပထမသုံးလပတ်တွင် ၇ ဒသမ ၄ ရာခိုင်နှုန်း၊ ၉ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၅ ဒသမ ၂ ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

ထို့အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ ဖြိုး မှု အ န ည်း ဆုံး နို င် ငံ များ ကို တရုတ်နိုင်ငံ၏ ပံ့ပိုးကူညီမှုသည် အကောက်ခွန်ကင်းလွတ်ခွင့်မူဝါဒ တစ်မျိုးတည်းမဟုတ်ကြောင်း၊ Belt and Road Initiative(BRI)နှင့် အခြားသောပံ့ပိုးကူညီမှုအစီအစဉ်များဖြင့် တရုတ်နိုင်ငံသည် ပိုမိုကောင်းမွန် သော ကုန်သွယ်မှုစနစ်တည်ဆောက်ရေး၊ အခြေခံအဆောက်အဦများ ဖန်တီးရေး၊ စက်မှု နည်းပညာများ လွှဲပြောင်းပေးရေး၊ စီးပွားရေးလုပ်ငန်းများအကြား အကျိုးတူလက်တွဲဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအစရှိသည့် ကဏ္ဍပေါင်းစုံတွင် ကူညီပေးခဲ့ကြောင်း သိရှိရပါသည်။

တစ်ချိန်တည်းတွင် တရုတ်ယွမ်ငွေသည် လက်ရှိတွင် မတည်မငြိမ်ဖြစ်နေသော အမေရိ ကန်ဒေါ်လာနှင့် နှိုင်းယှဉ်ပါက ကမ္ဘာ့ကုန်သွယ်ရေးဈေးကွက်အတွက် အခြားရွေးချယ်စရာတစ်ခု အဖြစ် ရှိနေကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများစွာနှင့် အကောက်ခွန်စစ်ပွဲစတင်ခဲ့ခြင်းနှင့်အတူ အမေရိကန်ဒေါ်လာအညွှန်းကိန်းသည် ၁၁၀ ဒသမ ၁၈ မှတ်မှ ၁၀၀ မှတ် သို့မဟုတ် ၁၀ ရာခိုင်နှုန်းဝန်းကျင်သို့ ကျဆင်းသွားခဲ့ကြောင်း၊ ထိုသို့သောအခြေအနေတွင် ပြည်တွင်းစီးပွားရေးခိုင်မာပြီး ကမ္ဘာ့ကုန်သွယ်ရေးနှင့် နိုင်ငံခြားအရင်းအနှီးများအပေါ် ပွင့်လင်းသောသဘောထားများကြောင့် တရုတ်ယွမ်ငွေသည် ဘေးကင်းပြီး တည်ငြိမ်သော အခြားရွေးချယ်စရာတစ်ခု ဖြစ်လာကြောင်း သိရှိရပါသည်။

ပွင့်လင်းမြင်သာသောသဘောထားကြောင့် တရုတ်နိုင်ငံ၏ စီးပွားရေးသည် ၎င်း၏ နိုင်ငံ သားများကို သာမက ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ အပါအဝင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများကိုလည်း အကျိုးပြုလျက်ရှိကြောင်း၊ ကမ္ဘာ့စီးပွားရေး တိုးတက်မှုကို နိုင်ငံတစ်နိုင်ငံတည်းနှင့် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း၊ လွန်ခဲ့သည့် ရာစုနှစ်များအတွင်း ကမ္ဘာ့စီးပွားရေး တိုးတက်မှုသမိုင်းမှ

စာ-၁၁ သို့

# အိန္ဒိယသည် အမေရိကန်နှင့် ပထမဆုံးကုန်သွယ်ရေး သဘောတူညီချက် ရရှိရန် အလားအလာရှိကြောင်းပြောကြား

အမေရိကန်ဘဏ္ဍာရေးဝန်ကြီး Scott Bessent က အိန္ဒိယနိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးသဘောတူညီချက် (Bilateral trade agreement- BTA) ကို ပထမဆုံးအဖြစ် အတည်ပြုနိုင်မည့်နိုင်ငံဖြစ်နိုင်ကြောင်း ပြောကြားခဲ့ကြောင်းနှင့် အိန္ဒိယနိုင်ငံ၏ ပွင့်လင်းသောကုန်သွယ်ရေးမူဝါဒများ၊ အကောက်ခွန်နှုန်းသက်သာမှုနှင့် အကောက်ခွန်မဟုတ်သော အတားအဆီးအနည်းငယ်သာရှိမှုတို့ကို အဓိကအချက်များအဖြစ် ညွှန်းဆိုခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၂၄ ရက်က ဖော်ပြသည်။

လက်ရှိတွင် ကုန်သွယ်ရေးသဘောတူညီချက်ဆိုင်ရာ ဆွေးနွေးမှုများသည် "အလွန်နီးကပ်စွာ" ပြီးဆုံးတော့မည့် အခြေအနေရှိပြီး တရုတ်နိုင်ငံနှင့် ဆွေးနွေးမှုများမှာမူ ယာယီဆိုင်းငံ့ထားကြောင်း သိရသည်။ အဆိုပါ သဘောတူညီချက် အလားအလာသည် အမေရိကန်ပြည်ထောင်စုက အိန္ဒိယနိုင်ငံအပေါ် ကျင့်သုံးဆောင်ရွက်နေသော ၂၆ ရာခိုင်နှုန်း ပြန်လည်ကောက်ခံမည့် အကောက်ခွန်ကို (ဇူလိုင် ၈ ရက်နေ့တွင် ကုန်ဆုံးမည့်) ၉၀ ရက် ယာယီရပ်ဆိုင်းထားသည့် ကာလအတွင်း ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ အမေရိကန်ပြည်



ထောင်စုသည် ၎င်း၏ကုန်သွယ်ရေးလိုငွေပြမှုလျှော့ချရန်နှင့် မိတ်ဖက်နိုင်ငံများအား ကုန်သွယ်ရေးအတားအဆီးများ လျှော့ချရန် တိုက်တွန်းအားပေးလျက်ရှိကြောင်းသိရသည်။

အမေရိကန် ဒုတိယသမ္မတ JD Vance သည် ၎င်း၏ အိန္ဒိယနိုင်ငံသို့ အလည်အပတ်ခရီးစဉ်အတွင်း အကောက်ခွန်မဟုတ်သော အတားအဆီးများ ဖယ်ရှားရန်၊ စျေးကွက်ဝင်ရောက်ခွင့်ပေးရန်နှင့် အမေရိကန်၏စွမ်းအင်နှင့်ကာကွယ်ရေးပစ္စည်းများ ပိုမိုဝယ်ယူရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။ "အိန္ဒိယနိုင်ငံသည် နှစ်နိုင်ငံအကြား စွမ်းအင်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နိုင်သည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ ကျွန်ုပ်၏တစ်ခုတည်းသော အဆိုပြုချက်မှာ အမေရိကန်ကုန်ပစ္စည်းများ အိန္ဒိယစျေးကွက်သို့ ဝင်ရောက်နိုင်ရန် အကောက်ခွန်မဟုတ်သော အတားအဆီးအချို့ကို ဖယ်ရှားရန် စဉ်းစားပေးပါ" ဟု ၎င်းက Rajasthan ပြည်နယ်တွင် ကျင်းပသည့် အခမ်းအနားတစ်ခုတွင် ပြောကြားခဲ့ကြောင်း သိရသည်။

Bessent နှင့် Vance တို့၏ ထုတ်ဖော်ပြောဆိုချက်များသည် နယူးဒေလီနှင့် ဝါရှင်တန်တို့အကြား နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူညီချက်၏ အချက်အလက်များအား အတည်ပြုရန် ဆွေးနွေးမှုများ စတင်လုပ်ဆောင်နေချိန်တွင် ထွက်ပေါ်လာခြင်းဖြစ်ပြီး လာမည့်ရက်သတ္တပတ်များအတွင်း ဆွေးနွေးမှုများ အရှိန်မြှင့်တင်လာမည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

**ကောင်းထွဋ်အောင်**

The Hindu Businessline, India could be the first country to sign trade deal: US Treasury Secretary, April 24, 2025.

# အခွန်နှုန်းမြင့်မားသော်လည်း အမေရိကန်၏ ခိုင်မာသော သစ်သီးဝလံဝယ်လိုအား ရှိဆဲဖြစ်ကြောင်း ဗီယက်နမ် သုံးသပ်

ဗီယက်နမ် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်အသင်း၏ အထွေထွေအတွင်းရေးမှူး Dang Phuc Nguyen က ဗီယက်နမ်မှ အမေရိကန်သို့ တင်ပို့ကုန်စည်များအပေါ် ၄၆ ရာခိုင်နှုန်း အခွန်သတ်မှတ်ခြင်းသည် ဗီယက်နမ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များအပေါ် သက်ရောက်မှုမရှိနိုင်ဟု ဆိုသည်။ အမေရိကန်အနေဖြင့် သစ်သီးဝလံနှင့် ဟင်းသီး ဟင်းရွက်များတင်သွင်းသူအဖြစ် ဆက်လက် တည်ရှိနေဦးမည်ဟု ဆိုသည်။

၂၀၂၄ ခုနှစ်တွင် ဗီယက်နမ်သည် အမေရိကန်သို့ အမေရိကန် ဒေါ်လာ ၃၆၀ သန်းရှိသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို တင်ပို့ခဲ့ပြီး အမေရိကန်မှ ကုန်ပစ္စည်းတင်သွင်းမှု အမေရိကန်ဒေါ်လာ ၅၄၀ သန်းရှိခဲ့သည်။ ၂၀၂၅ ခုနှစ် ပထမသုံးလအတွင်း ဗီယက်နမ်၏အမေရိကန်မှ တင်သွင်းမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၀ သန်းဖြစ်သည်။

"ဗီယက်နမ် လယ်ယာထုတ်ကုန်များသည် ဂုဏ်သတင်းနှင့် အရည်အသွေး ပိုမိုမြင့်မားလာမှုကြောင့် အမေရိကန် စားသုံးသူများ၏ ကြိုက်နှစ်သက်မှု တိုးမြင့်လာကြောင်း" ယခုနှစ်နှင့် လာမည့်နှစ်များ၏ အမေရိကန်စျေးကွက် အလားအလာများအပေါ် ညွှန်းဆိုပြောကြားသည်။ သို့သော် E.U, USA, South Korea ကဲ့သို့သော ပြုပြင်ပြီးအစားအစာဝယ်လိုအားမြင့်မားပြီး သတ်မှတ်စံနှုန်းမြင့်မားသည့် စျေးကွက်များတွင် ယှဉ်ပြိုင်ရောင်းချရန်အတွက် ဗီယက်နမ်အနေဖြင့် ပြုပြင်ထုတ်လုပ်မှုဆိုင်ရာ လိုအပ်ချက်များကြောင့် အကန့်အသတ်များ ရှိနေဆဲဖြစ်ကြောင်း Nguyen က ပြောသည်။

ကျွမ်းကျင်သူများက ယခုနှစ် ဗီယက်နမ်၏ ဟင်းသီး ဟင်းရွက်နှင့် သစ်သီးဝလံ တင်ပို့မည့် လျာထားတန်ဖိုး အမေရိကန်ဒေါ်လာ ၈ ဘီလီယံအပေါ် အကောင်းဖက်မှ မျှော်လင့်နေဆဲဖြစ်သည်။ လျာထားချက်ပြည့်မီရန်မှာ အရည်အသွေးစံနှုန်း တိုးမြှင့်ရန်နှင့် အပြည်ပြည်ဆိုင်ရာ သတ်မှတ် ဥပဒေ၊ စည်းမျဉ်းများနှင့် ကိုက်ညီရန်တို့အပေါ် တည်မှီလျက်ရှိသည်။

ယခုနှစ် ပထမလေးလပတ်အတွင်း အဓိကဝယ်လက်ဖြစ်သည့် တရုတ်နိုင်ငံက ဗီယက်နမ်မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို အမေရိကန်ဒေါ်လာ ၅၂၁ သန်းဖိုး တင်သွင်းခဲ့သော်လည်း ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၇ ရာခိုင်နှုန်း လျော့နည်းခဲ့သည်။ ယင်းလျော့နည်းမှုသည် ဒူးရင်းသီးအတွက် သတ်မှတ်ချက်အသစ်များအပါအဝင် တရုတ်နိုင်ငံ၏ တင်းကြပ်သော ပိုးမွှားရောဂါထိန်းချုပ်ရေးစည်းမျဉ်းများကြောင့်ဖြစ်သည်ဟု ဆိုသည်။ တစ်ဆက်တည်းမှာပင် တင်ပို့မှုဆိုင်ရာ လုပ်ငန်းစဉ်များ အဆင်မပြေမှုများနှင့် သယ်ယူပို့ဆောင်စရိတ် မြင့်တက်ခဲ့မှုများကလည်း တင်ပို့မှုကို ကြန့်ကြာစေခဲ့ကြောင်း သိရှိရသည်။



**TTP**

FreshPlaza.com(VNExpress)

■

# တရုတ်နှင့်ကမ္ဘောဒီးယား အအေးခန်းကွန်တိန်နာသယ်ဘော်လမ်းကြောင်း နှစ်နိုင်ငံကုန်သွယ်မှုကို မြှင့်တင်ပေးလျက်ရှိ

တရုတ်နိုင်ငံ၏ တောင်ဘက်ဆုံးရှိ Fangchenggang ဆိပ်ကမ်းနှင့် ကမ္ဘောဒီးယားနိုင်ငံ Koh Kong ဆိပ်ကမ်းတို့အကြား အသစ်ဖွင့်လှစ်လိုက်သော "အအေးခန်းကွန်တိန်နာ + အထွေထွေ ကုန်ပစ္စည်းတင်" သယ်ယူပို့ဆောင်ရေးလမ်းကြောင်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ ပို့ကုန်စွမ်းရည်ကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

အအေးခန်းစနစ်သစ်သည် စိုက်ပျိုးရေးကဏ္ဍအတွက် အလွန်အကျိုးရှိမည်ဖြစ်ပြီး ကုန်ပစ္စည်းများကို သတ်မှတ်ထားသောအပူချိန်အတိုင်း တင်ပို့နိုင်မည်ဖြစ်ကြောင်း Cambodia Chinese Commerce Association ၏ ဒုတိယဥက္ကဋ္ဌ Lor Vichet က ပြောကြားခဲ့သည်ဟု သိရှိရသည်။

အအေးခန်းစနစ်သည် လယ်ယာထွက်ကုန်များ၏ အရည်အသွေးကို ထိန်းသိမ်းပေးနိုင်သည့်အပြင် Fangchenggang ဆိပ်ကမ်းမှ Koh Kong ဆိပ်ကမ်းသို့ တိုက်ရိုက်ပို့ဆောင်မှုသည် ပို့ဆောင်ချိန်ကို လျှော့ချနိုင်ခြင်း၊ တစ်ဆင့်ပို့ဆောင်ရန်မလိုအပ်ခြင်းနှင့် ကုန်ကျစရိတ်သက်သာခြင်းကဲ့သို့သော အခြားအကျိုးကျေးဇူးများစွာကိုလည်း ရရှိမည်ဖြစ်ကြောင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ၏ လယ်ယာထွက်ကုန်များ၏ အထွက်နှုန်းသည် နှစ်စဉ်တိုးတက်နေသဖြင့် ယခုလမ်းကြောင်း သည် အလွန်အထောက်အကူပြုကြောင်း ၎င်းက ပြောကြားခဲ့သည်။

အဆိုပါလမ်းကြောင်းသစ်ကို မတ် ၁၅ ရက်နေ့တွင် ကြေညာခဲ့ပြီး နောက်တစ်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Wang Wenbin က တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ Fangchenggang ဆိပ်ကမ်းမှ ကမ္ဘောဒီးယားနိုင်ငံ Koh Kong ဆိပ်ကမ်းသို့ 'အအေးကွင်းဆက်+အထွေထွေကုန်ပစ္စည်းတင်' လမ်းကြောင်း၏ ပထမဆုံးသောခရီးစဉ်အတွက် ဂုဏ်ယူကြောင်းနှင့် တစ်ဆင့်သယ်ယူပို့ဆောင်ရေးစနစ်နှင့် နှိုင်းယှဉ်ပါက ၇ ရက်သာကြာမြင့်မည့်တိုက်ရိုက်သင်္ဘောလိုင်းသည် ပို့ဆောင်ချိန်ကို ၅၀ ရာခိုင်နှုန်းနှင့် သယ်ယူပို့ဆောင်စရိတ်ကို ၂၀ ရာခိုင်နှုန်းကျော် လျှော့ချနိုင်သည်ဟု ၎င်း၏ ဆိုရှယ်မီဒီယာ၌ ရေးသားထားခဲ့ကြောင်း သိရှိရသည်။

လမ်းကြောင်းသစ်သည် ကမ္ဘောဒီးယားနှင့် တရုတ်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးနှင့် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေး အားကောင်းလာမှုကို ပြသနေခြင်းဖြစ်ပြီး အထူးသဖြင့် တရုတ်နိုင်ငံသို့ ကမ္ဘောဒီးယားလယ်ယာထွက်ကုန်များ တင်ပို့မှုအားကောင်းလာမည်ဖြစ် ကြောင်း သိရှိရသည်။

အဆိုပါသယ်ယူပို့ဆောင်ရေးလမ်းကြောင်းသည် ကမ္ဘောဒီးယားလယ်ယာထွက်ကုန်များကို တရုတ်ဈေးကွက်သို့ ပိုမိုဝင်ရောက်နိုင်စေရန် ကူညီပေးမည်ဖြစ်ပြီး ထုတ်ကုန်အရည်အသွေးကို ကြာရှည်ထိန်းသိမ်းထားနိုင်သည့်အပြင် သယ်ယူပို့ဆောင်ချိန်ကို လျှော့ချပေးသဖြင့် ကုန်ကျစရိတ် ကိုလည်း လျှော့ချပေးနိုင်ပြီး ကမ္ဘောဒီးယား၏ ထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်၌ ပိုမိုယှဉ်ပြိုင်နိုင်စေမည်ဟု ၎င်းက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ဆေးဝါးထုတ်လုပ်မှု ဆက်လက်တိုးတက်လာပြီး ပို့ကုန်များတိုးလာပါက အအေးကွင်းဆက်သယ်ယူပို့ဆောင်ရေး လိုအပ်ချက်လည်း မြင့်တက်လာမည်ဖြစ်ကြောင်း ၎င်းက အလေးပေးပြောကြားခဲ့ကြောင်းသိရှိရသည်။

ကမ္ဘောဒီးယားစိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ အစီရင်ခံချက်အရ ၂၀၂၄ ခုနှစ်တွင် လယ်ယာထွက်ကုန် တန်ချိန် ၁၁ ဒသမ ၇ သန်း တင်ပို့ခဲ့ပြီး ၂၀၂၃ ခုနှစ်ကထက် ၃၉ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကာ အဆိုပါကုန်စည်များမှဝင်ငွေသည် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံ ရှိကြောင်း သိရှိရသည်။



ကမ္ဘောဒီးယားနိုင်ငံ၏ လယ်ယာထွက်ကုန် ထုတ်လုပ်မှုသည် နှစ်စဉ်တိုးတက်နေပြီး အထူးသဖြင့် တရုတ်နိုင်ငံနှင့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်နှင့် RCEP သဘောတူညီချက်တို့ကိုဆက်လက်အကောင်အထည်ဖော်ခြင်းဖြင့် ၎င်း၏ ပို့ကုန်တိုးမြှင့်ရန် အခွင့်အလမ်းများကို ဖန်တီးပေးခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ကုန်သည်ကြီးများအသင်း၏ ဒုတိယဥက္ကဋ္ဌ Lim Heng က ပြောကြားခဲ့သည်။

ဆန်၊ ပြောင်း၊ သရက်သီး၊ ငှက်ပျောသီးစသည့် ပို့ကုန်ဈေးကွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လယ်ယာထွက်ကုန်များ ပိုမိုထုတ်လုပ်လာသည်ဟု ၎င်းက ပြောကြားခဲ့ကြောင်း သိရှိရသည်။

ကမ္ဘောဒီးယားနိုင်ငံ အကောက်ခွန်နှင့် ယစ်မျိုးဌာန (GDCE) ၏ အစီရင်ခံစာအရ ၂၀၂၅ ခုနှစ်၊ ပထမနှစ်လအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ စုစုပေါင်း နိုင်ငံတကာကုန်သွယ်မှုတန်ဖိုးသည် အမေရိကန် ဒေါ်လာ ၉ ဒသမ ၄၄၇ ဘီလီယံရှိကြောင်း၊ တရုတ်နိုင်ငံသည် ကမ္ဘောဒီးယား၏ အကြီးဆုံး ကုန်သွယ်ဖက်အဖြစ် ဆက်လက်တည်ရှိနေပြီး စုစုပေါင်း ကုန်သွယ်မှု၏ ၂၈ ဒသမ ၁၈ ရာခိုင်နှုန်းရှိကြောင်း သိရှိရသည်။

၂၀၂၅ ခုနှစ်၊ ပထမနှစ်လအတွင်း တရုတ်နှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံကြား ကုန်သွယ်မှု စုစုပေါင်းသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၆၂ ဘီလီယံအထိ ရှိလာခဲ့ပြီး ယခင်နှစ် အလားတူကာလထက် ၂၁ ဒသမ ၁ ရာခိုင်နှုန်း တိုးလာသည်ဟု GDCE မှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**ကေခိုင်ကျော်**

https://www.chinadaily.com.cn/a/202504/03/WS67ee2fafa3104d9fd381d862.html

# ရုရှားက ယခုနှစ်ဓာတ်မြေဩဇာတင်ပို့မှု ၅ ရာခိုင်နှုန်း မြှင့်တင်မည်

ရုရှားနိုင်ငံ၏ ဓာတ်သတ္တုဓာတ်မြေဩဇာထုတ်လုပ်နိုင်မှုသည် ၂၀၂၅ ခုနှစ်တွင် မက်ထရစ်တန် ၆၅ သန်းအထိ၊ ၃ ရာခိုင်နှုန်း တိုးတက်လာနိုင်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့မှုသည် မက်ထရစ် တန် ၄၄ သန်းအထိ၊ ၅ ရာခိုင်နှုန်း တိုးတက်လာနိုင်ကြောင်း ရုရှားဓာတ်မြေဩဇာ ထုတ်လုပ်သူများ အသင်း(RAFP) ဥက္ကဋ္ဌ Mr. Andrey Guryev က ပြောကြားသည်ဟု သိရှိရသည်။




ကမ္ဘာ့ဈေးကွက်အခြေအနေအရ ယခုနှစ် တင်ပို့နိုင်မှုသည် တန်ချိန် ၄၄ သန်းအထိ တိုးလာ နိုင်ပြီး ယခင်နှစ်တင်ပို့နိုင်မှုထက် ၂ သန်း ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ဓာတ်မြေဩဇာစက်ရုံများ သည် ယင်းပမာဏကို အခြေခံ၍ ၎င်းတို့၏ ထုတ်လုပ်မှုအစီအစဉ်ကို စီစဉ်နေကြကြောင်း၊ စက်ရုံများ ၏ အကောင်အထည်ဖော်မှု၏ရလဒ်သည် ၂၀၂၅ ခုနှစ်တွင် ဓာတ်မြေဩဇာထုတ်လုပ်နိုင်မှုသည် စံချိန်တင် မက်ထရစ်တန်ချိန် ၆၅ သန်းထိ ရှိလာမည်ဖြစ်ကြောင်း Mr. Andrey Guryev ကပြောကြားသည်။

၂၀၂၄ ခုနှစ်တွင် ရုရှားနိုင်ငံ၏ ဓာတ်မြေဩဇာထုတ်လုပ်နိုင်မှုသည် မက်ထရစ်တန်ချိန် ၆၃ သန်း ရှိခဲ့ပြီး တင်ပို့နိုင်မှုသည် မက်ထရစ်တန်ချိန် ၄၂ သန်းအထိ စံချိန်တင်ခဲ့သည်။ ပမာဏတိုးတက် တင်ပို့နိုင်သော နိုင်ငံများမှာ အာရှနိုင်ငံများသို့ ၃၆ ရာခိုင်နှုန်း၊ လက်တင် အမေရိကသို့ ၂၅ ရာခိုင်နှုန်းနှင့် အာဖရိကသို့ ၅ ရာခိုင်နှုန်း ပိုမိုတင်ပို့နိုင်ခဲ့သည်။

ရုရှားနိုင်ငံမှ ဓာတ်မြေဩဇာ အဓိကတင်ပို့သော နိုင်ငံများမှာ ဘရာဇီး၊ အိန္ဒိယ၊ အမေရိကန်၊ တရုတ်၊ မက္ကဆီကို၊ အင်ဒိုနီးရှား၊ တူကီယဲ၊ ပြင်သစ်၊ ဂျာမနီ၊ မလေးရှား စသည့် နိုင်ငံများဖြစ်ကြောင်း သိရသည်။

**ခွန်မျိုးသူ**

https://tass.com/economy/1926709

# အထွက်ကောင်းဝင်ငွေတိုးစေဖို့ ပဲတီစိမ်းကိုနည်းစနစ်မှန်စွာစိုက်ကြစို့



ခိုင်စုရွှေဦး(DOA,ygn)

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံအားလျော်စွာ မြန်မာနိုင်ငံမှ တင်ပို့သည့် ပို့ကုန်အများစုသည် လယ်ယာထွက်ကုန်များဖြစ်သည်။ ပြည်ပပို့ကုန်ကဏ္ဍများတွင်လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုကဏ္ဍမှာ အားထားရသည့်ကဏ္ဍတစ်ခု ဖြစ်နေသကဲ့သို့ လယ်ယာထွက်ကုန် ပစ္စည်းတင်ပို့မှုကဏ္ဍတွင်လည်း ပဲမျိုးစုံသည် အားထားရသည့် အဓိက ပို့ကုန်တစ်မယ်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ပဲမျိုးစုံ စိုက်ဧကမှာ ၁၀ သန်းကျော် ရှိသည့်အတွက် ပဲမျိုးစုံသည် မြန်မာနိုင်ငံအတွက် ဒုတိယ အရေးကြီးသော သီးနှံဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံသည် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှုတွင် အာဆီယံနိုင်ငံများအတွင်း ဦးဆောင်နိုင်ငံ (leading country) အဖြစ် ရပ်တည်လျှက်ရှိပြီး ပဲမျိုးစုံတင်ပို့ရောင်းချမှုတွင် ကမ္ဘာ၌ တတိယအများဆုံးနိုင်ငံဖြစ်ပါသည်။ ပြည်ပဝယ်လိုအားများခြင်း၊ ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းတို့ကြောင့် တောင်သူ အများစုသည် ပဲသီးနှံကို ဝင်ငွေရသီးနှံ (Cash crop) အဖြစ် စိုက်ပျိုးလျှက်ရှိရာ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးသည် မြန်မာနိုင်ငံအတွက် စပါးပြီးလျှင် ဦးစားပေး ဆောင်ရွက်ရသည့် အရေးကြီးသီးနှံတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံ စိုက်ပျိုးမြေဧရိယာ၏ ၂၀ ရာခိုင်နှုန်းခန့်သည် ပဲမျိုးစုံစိုက်ပျိုးနေပြီး ယင်းတို့အနက် ပဲတီစိမ်းစိုက်ဧကသည် အများဆုံးဖြစ်သည်။ ပဲတီစိမ်းသည် ပြည်ပပို့ကုန်တွင်လည်းအားကိုးရပြီး ပြည်တွင်းစားသုံးမှုအတွက်လည်း အားထားရသော သီးနှံဖြစ်သည်။ မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် ပဲတီစိမ်းပမာဏ၏ ၉၀ ရာခိုင်နှုန်းခန့်အား အိန္ဒိယ၊ တရုတ်၊ ယူအေအီး၊ မလေးရှား၊ အင်ဒိုနီးရှား စသည့်နိုင်ငံများသို့ တင်ပို့ရောင်းချကြသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဇူလိုင်လအထိ ပြည်ပနိုင်ငံများသို့ ပဲတီစိမ်းတင်ပို့မှုမှာ တန်ချိန် ၂၅၃၃၆၈ ခန့်နှင့် အမေရိကန်ဒေါ်လာ ၁၆၆ သန်းခန့် ရရှိခဲ့သည်။

မြန်မာနိုင်ငံတွင် လွန်ခဲ့သောနှစ်များစွာကပင် ပဲတီစိမ်းကို ဓာတ်မြေသြဇာအသုံးပြုမှု နည်းပြီး ရေငတ်ဒဏ်ကို ခံနိုင်ရည်ရှိသော သီးနှံတစ်မျိုးအဖြစ် ယနေ့တိုင်ထင်ရှားသော သီးနှံဖြစ်သည်။ အိန္ဒိယနှင့်အာရှသည် ပဲတီစိမ်း၏ မူလပေါက်ရောက်ရာ ဒေသများဖြစ်သည်။ ပဲတီစိမ်းတွင် အသားဓာတ်သည် ၂၅ ရာခိုင်နှုန်းပါဝင်ကာ အခြားနှံစားသီးနှံများထက် ၃ဆ ပိုများသည်။ လူနှင့်တိရစ္ဆာန်များအတွက် အရေးပါသလို မြေဆီလွှာ အတွက်လည်း အာဟာရထည့်သွင်းပေးသည့် သီးနှံဖြစ်သည်။ ရေငတ်ဒဏ်ခံနိုင်သလို သီးထပ်သီးညှပ် စိုက်ပျိုးလို့ ကောင်းသည့် အပင်မျိုးအစားလည်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် မိုးနှင့်ဆောင်းရာသီတွင် စိုက်ပျိုးကြပြီး အောက်တိုဘာလတွင် ဆောင်းပဲအဖြစ်စိုက်ပျိုးပြီး ဩဂုတ်လတွင် မိုးပဲအဖြစ် စိုက်ပျိုးကြသည်။ ကချင်၊ ကရင်၊ ကယား၊ စစ်ကိုင်း၊ ပဲခူး၊ မန္တလေး၊ မကွေး၊ မွန်၊ ရှမ်း၊ ရန်ကုန်နှင့် ဧရာဝတီတို့တွင် များစွာ စိုက်ပျိုးကြသည်။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်တွင် ၂၀၂၃ - ၂၀၂၄ ခုနှစ်၌ ပဲတီစိမ်း စိုက်ဧက ၄၁၄၁၉၉ ခန့် စိုက်ပျိုးခဲ့ပြီး အထွက်နှုန်းအားဖြင့် ၁၅ တင်းကျော် ရရှိခဲ့သည်။ သန်လျင်ခရိုင်အတွင်းရှိ မြို့နယ်များမှ ပဲတီစိမ်းစိုက်ဧကသည် ၂၀၀၅ - ၂၀၀၆ ခုနှစ်မှစ၍ ၂၀၂၃ - ၂၀၂၄ ခုနှစ်အထိ စိုက်ဧက ၃သိန်းကျော်မှ ၄ သိန်းကျော်အထိ နှစ်စဉ်တိုးတက်လျက် ရှိပါသည်။ ၂၀၂၄ - ၂၀၂၅ခုနှစ်၊ သန်လျင်ခရိုင်အတွင်း မြို့နယ်များတွင် ပဲတီစိမ်းသီးနှံ အထွက်နှုန်းမြင့်မားပြီး ပန်းတိုင်အထွက်နှုန်း ၂၀ တင်း ရရှိစေရန်နှင့် မျှော်မှန်းအထွက်နှုန်း ရရှိစေရန် အထူးဇုန်များ သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် သဘာဝရေ၊ မြေ၊ အရင်းအမြစ် သယံဇာတ အထောက်အပံ့ ကောင်းစွာရရှိသော်လည်း သီးနှံစိုက်နည်းစနစ်များကို လက်ခံကျင့်သုံးနေသော ပဲတီစိမ်း စိုက်တောင်သူများ၏ သီးနှံအထွက်နှုန်းနှင့် စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား မြင့်မားစေရန်မှာ လိုအပ်လျှက်ရှိပါသည်။ ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရန် အဓိက အရေးကြီးသည့်အချက်သည် စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ တစ်ဧကသတ်မှတ် အပင်ဦးရေ ၁၃၀၀၀၀ ဝင်ဆံ့အောင် အတန်းကြား ပင်ခြား ၁၈လက်မ နှင့် လေးလက်မခြား စိုက်ပျိုးရန်ဖြစ်သည်။ တစ်ဧကသတ်မှတ်အပင်ဦးရေပြည့်မီမှုမရှိခြင်းနှင့်ဝင်ဆံ့သည့် အပင်ဦးရေထက်များပြားခြင်းသည် ပဲတီစိမ်း၏ အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအပေါ်အနှောင့်အယှက်ပေးလေ့ရှိပါသည်။

ပဲတီစိမ်းသီးနှံ အထွက်နှုန်းကောင်းစေရန်အတွက် တောင်သူများအနေဖြင့် မျိုးရွေးချယ်မှု မှန်ကန်ရန်လိုအပ်သကဲ့သို့ မျိုးစေ့နှုန်းထားနှင့် စိုက်နည်းစနစ်မှန်ကန်ရန်လည်း အရေးကြီးလှပါသည်။ ပဲတီစိမ်းမျိုးအဖြစ် အရည်အသွေးကောင်း၊ အထွက်ကောင်းမျိုးများ ဖြစ်သည့် ရေဆင်း-၁ ၊ ရေဆင်း-၉၊ ရေဆင်း-၁၁၊ ရေဆင်း-၁၅ နှင့် ရေဆင်း-၁၆ မျိုးများကို အများဆုံးစိုက်ပျိုးကြပြီး ဒေသအလိုက် အားသာသောမျိုးများကို ရွေးချယ်စိုက်ပျိုးရမည်။ ၎င်းမျိုးများသည် သီးတောင့်အရေအတွက်များခြင်း၊ အပင်ပုခြင်း၊ အပင်အုပ်ဆိုင်းခြင်း၊ အပင်အသေအပျောက်နည်းခြင်း၊ ရောဂါဒဏ်ခံနိုင်ခြင်းနှင့် ဈေးကွက်ဝင်မှုတို့ကြောင့် တောင်သူများကြိုက်နှစ်သက်ကြသည်။ စိုက်ပျိုးချိန်၌ သင့်တော်သော အစိုဓာတ်ရှိရမည်။

ပဲတီစိမ်းသီးနှံကိုရေစီးရေလာကောင်းပြီး ဘယ်မြေအမျိုးအစားမဆို စိုက်ပျိုးနိုင် သော်လည်း မြေချဉ်ငန်ဓာတ် (၆ ဒသမ ၅) ကနေ (၇ ဒသမ ၅) ရှိသောမြေမျိုးဖြစ်ရပါမည်။ မြေချဉ်ငံဓာတ် (၅ ဒသမ ၅) အောက်နိမ့်သည့် မြေမျိုးတွင်စိုက်ပါက အပင်ဖြစ်ထွန်းမှုညံ့ဖျင်းပါသည်။ ဆားပေါက်သည့် မြေမျိုးတွင် မစိုက်သင့်ပါ။ ရေသွင်းရေထုတ်ကောင်းသော မြေမျိုးဖြစ်ရပါမည်။ စနယ်မြေစေး၊ လယ်မြေနှင့် မြေသားထုထူသည့် နုန်းသမမြေများတွင် ပိုမိုဖြစ်ထွန်းပါသည်။

ပဲတီစိမ်းတစ်ဧက ပန်းတိုင် ၂၀ တင်းထွက်ရှိရန် မြေသြဇာနှုန်းထားအနေနှင့် မြေပြင်ချိန်တွင် နွားချေး ၁၂၅ တင်းထည့်ပါ။ ထယ်ရေးပြင်ချိန်တွင် ယူရီးယားလေးပုံတစ်ပုံ၊ တီစူပါတစ်အိတ်၊ ပိုတက်ရှ်အိတ်ဝက် ထည့်ပေးပါ။ အပင်ပေါက်ကောင်း၍ အပင်ပေါက် ညီညာအောင် ပဲတီစိမ်းမျိုးစေ့များကို နာရီဝက်ရေစိမ်ပြီး ပဲမြစ်ဖုတစ်ထုပ်နှင့် သမအောင် လူးနယ်ပြီး စိုက်ရမည်။ လချေးပေါင် ၁၀၀၊ ဖီဖာ ၃ပေါင်၊ ဂျစ်ပဆန် မြေသြဇာ တစ်အိတ်ကို စိုက်ချိန်တွင် အသုံးပြုရမည်။ အပင်နှစ်ပတ်သားမှ ပန်းပွင့်သီးကင်းဝင်ချိန်အထိ ပေါင်းမြက် ကင်းစင်ရပါမည်။ ပဲတီစိမ်းသီးနှံတွင် အဝါရောင်မိုစေ့ရောဂါကျရောက်သဖြင့် ရောဂါ သယ်ဆောင်သော ယင်ဖြူကာကွယ်ရန် အပင်သက် နှစ်ပတ်သားမှစ၍ ထိသော၊ စားသေ ပိုးသတ်ဆေးတစ်မျိုးမျိုးဖြင့် ပက်ဖျန်းကာကွယ်ရမည်။

ပဲတီစိမ်းသီးနှံစိုက်ပျိုးရာတွင် ထရိုင်ခိုဒါးမားမှိုကို မြေဆွေးအဖြစ် အသုံးပြုနိုင်သလို သီးနှံမြေဆောင်ရောဂါအချို့ကိုလည်း အလွန်ထိရောက်စွာ ကာကွယ်နှိမ်နင်းနိုင်၍ ရောဂါကြောင့် သီးနှံပျက်စီးဆုံးရှုံးမှုတွေကို ကာကွယ်ပေးနိုင်ပါသည်။ ထရိုင်ခိုဒါးမားမှိုကိုနှစ်စဉ်ဆက်တိုက်အသုံးပြုပေးပါက မြေဆောင်ရောဂါအချို့ကို စိုက်ပျိုးမြေမှ ကင်းစင်စေနိုင်ပြီး ပဲတီစိမ်းသီးနှံပင်၏ အမြစ်ကြီး သန်စွမ်းမှုနှင့် ကြီးထွားမှုကိုအားကောင်းစေသည့်အတွက် မြေဆွေးပြုလုပ်ရာတွင်လည်း

စာ-၉ သို့

# မြန်မာ့သရက်သီး ရုရှားဝယ်ရန် အဆိုပြု



ရုရှားနိုင်ငံက မြန်မာနိုင်ငံ၏ လတ်ဆတ်သော သရက်သီးနှင့် သရက်သီးခြောက်တို့ကို ဝယ်ယူရန် အဆိုပြုခဲ့သည်ဟု ကုန်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (MTPO)က ဆိုသည်။ ရုရှား-မြန်မာ စီးပွားရေးကောင်စီက ယခုနှစ်မှ စတင်ကာ မြန်မာနိုင်ငံ၏ လတ်ဆတ်သရက်သီးနှင့် သရက်သီးခြောက်ကို ဝယ်ယူရန် အဆိုပြုခဲ့ခြင်းဖြစ်သည်။ ၎င်းတို့က သရက်သီးတင်ပို့သူများနှင့် တိုက်ရိုက်ချိတ်ဆက်ရန် အဆင်သင့်ရှိကြောင်း MTPO က ပြောကြားသည်။ ရုရှားနိုင်ငံသည် မြန်မာနိုင်ငံ၏ အကောင်းဆုံး သရက်သီးအမျိုးအစားတစ်ခုဖြစ်သော စိန်တလုံးသရက်သီးကို ဝယ်ယူရန် ဆန္ဒရှိသည်။ ထို့ကြောင့် MTPO က စိတ်ဝင်စားသည့် သရက်သီးပို့သူများနှင့် ကုမ္ပဏီများကို ရုရှားနိုင်ငံသို့ အသစ်သီးနှင့် မုန့်သီးခြောက်ကို တင်ပို့နိုင်ရန် တာဝန်ခံပုဂ္ဂိုလ်၏ အချက်အလက်များ၊ ဖုန်းနံပါတ်နှင့် လိပ်စာကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသို့ ပေးပို့ရန် အသိပေးခဲ့သည်။ မြန်မာနိုင်ငံတွင် သရက်သီးအမျိုးအစားပေါင်း ရာကျော်ရှိသည်။ အဆိုပါ အမျိုးအစားများအနက် စိန်တလုံးနှင့်ရွှေဟသာ အမျိုးအစားများကို တရုတ်နိုင်ငံ၊ စင်ကာပူနှင့် ဥရောပနိုင်ငံများသို့ အဓိကအားဖြင့် တင်ပို့သည်။ ကုန်သွယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သရက်သီး နှစ်စဉ်ထုတ်လုပ်မှုမှာတန်ချိန် ၂ သန်းကျော်ရှိသည်ဟု သိရသည်။ TTP

www.gnlm.com.mm

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စက်မှုလယ်ယာဦးစီးဌာန
## (တင်ဒါပိတ်ရက်ပြင်ဆင်သတ်မှတ်ခြင်း)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ ၂၀၂၅ - ၂၀၂၆ ခု ဘဏ္ဍာရေးနှစ်အတွက် လယ်ယာသုံးစက် ကိရိယာများ၊ တာယာ၊ Battery များ၊ စက်ဆီ/ ချောဆီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်သည့်ကြော်ငြာအား (၂၈-၃-၂၀၂၅) ရက်နေ့နှင့် (၃၁-၃-၂၀၂၅) ရက်နေ့တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။ အဆိုပါကြော်ငြာပါ တင်ဒါပိတ်ရက်အား အောက်ပါအတိုင်း ပြင်ဆင် သတ်မှတ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက်(၂၄- ၄ -၂၀၂၅) ရက်မှ (၁၀- ၅ -၂၀၂၅) ရက်နေ့ (၁၄:၀၀ )နာရီထိ

၃။ တင်ဒါပိတ်ရက် (၁၀- ၅ -၂၀၂၅ )ရက်နေ့၊ ( ၁၄ : ၀၀ )နာရီ ၊

၄။ တင်ဒါဖွင့်လှစ်မည့်ရက်ကို ထပ်မံကြေငြာပါမည်။

၅။ တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို စက်မှုလယ်ယာဦးစီးဌာန၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်တွင် ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၆၇-၃၄၃၁၂၄၂ နှင့် ၀၉၄၂၅၆၃၉၂၈၉ သို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

စာ-၈ မှ

ကောင်း၊ ပဲတီစိမ်းမျိုးစေ့ ဆေးစီရင်ရာတွင်လည်းကောင်း၊ မြေပြင်ရာတွင်လည်းကောင်း၊ ရောဂါကျနေသည့် ပဲတီစိမ်းစိုက်ခင်းများတွင် ထည့်သွင်းအသုံးပြုနိုင် ပါသည်။

ပတ်ဝန်းကျင်ရာသီဥတုအခြေအနေ ပြောင်းလဲမှုသည်လည်းပဲ ပဲတီစိမ်းသီးနှံ အထွက်နှုန်းကောင်းစေရေးတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ပဲတီစိမ်းသီးနှံ၏ အထွက်နှုန်းကို လျော့ကျစေနိုင်သော အကြောင်းအရင်းတွင် ရာသီဥတု ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူချိန်မြင့်တက်ခြင်း၊ မိုးခေါင်ရေရှားခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် ရေဝပ်/ရေလွှမ်းခြင်း စသည့်အကြောင်းအရင်းများလည်း ပါဝင်နေသည်။ ထို့အပြင် မရိတ်သိမ်းမီ အပင်ပေါ်တွင် အညှောင့်ပေါက်ခြင်း နှင့် သီးတောင့်ကွဲခြင်းသည်လည်း ပဲတီစိမ်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှုကို ထိခိုက်စေသော ပြဿနာ များဖြစ်ပါသည်။

ယင်းဖြစ်စဉ်ကြောင့် ပဲတီစိမ်းသီးနှံ၏ အထွက်နှုန်းကို ၆၀ မှ ၇၀ ရာခိုင်နှုန်းအထိ လျော့နည်းစေနိုင်သည့်အပြင် သီးနှံ၏အရည်အသွေးကိုပါ ထိခိုက်စေနိုင်ပါသည်။ ပဲတီစိမ်း စိုက် တောင်သူများအနေဖြင့် အပင်ပေါ်အညှောက်ပေါက်ခြင်းနှင့် သီးတောင့်ကွဲခြင်းမှ ကာကွယ်ရန် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်သင့်ပါသည်-

- သီးတောင့်များ ၅၀ ရာခိုင်နှုန်း အညိုရောင် (သို့) အနက်ရောင်သို့ ပြောင်း၍ ခြောက်သွေ့နေချိန်တွင် စတင် ရိတ်သိမ်းပါ။
- ပဲတီစိမ်းသီးနှံသည် သီးတောင့်ဖြစ်ပေါ်မှုကာလကြာရှည်၍ (၂) ကြိမ် မှ (၃) ကြိမ် ရိတ်သိမ်း ရသည့် အတွက် ၇-၁၀ရက်ကြာလျှင် နောက်တစ်သီး ဆွတ်ခူးပါ။
- တစ်ကြိမ်တည်းစက်ဖြင့်ရိတ်သိမ်းမည်ဆိုပါက သီးတောင့်များ၏ ၉၀ ရာခိုင်နှုန်း အနက်ရောင်ပြောင်းချိန်တွင် ချက်ချင်းရိတ်သိမ်းခြွေလှေ့ သန့်စင်ပါ။
- သီးတောင့်ရင့်မှည့်ချိန်ကာလအတွင်း မိုးရွာခြင်းနှင့် မိုးအုံး၍ စိုထိုင်းဆများခြင်းများ ကြုံတွေ့ရပါက ချက်ချင်းခူးဆွတ်၍ အခြောက်ခံ ကာ နေချင်းပြီး ခြွေလှေ့သန့်စင်ပါ။ သီးနှံ၏အရည်အသွေးကို ထိန်းသိမ်းရန် အစိုဓာတ် ၈-၉ ရာခိုင်နှုန်းတွင် သိုလှောင်ပါ။

ထို့အပြင် နိုင်ငံတကာစားနပ်ရိက္ခာကုန်စည်ရောင်းဝယ်မှုတွင် အစားအစာ ဘေးကင်း ရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ရေးတို့ကို ဦးစားပေးအချက်အနေဖြင့် ဆောင်ရွက်လျက်ရှိရာ ပဲတီစိမ်းသီးနှံစိုက်ပျိုးရာတွင် မရိတ်သိမ်းမီနှင့် ရိတ်သိမ်းပြီးနောက်ပိုင်း စီမံခန့်ခွဲမှု အလိုက် ဆောင်ရွက်ရမည့် Myanmar GAP guidelines များနှင့်အညီ စိုက်ပျိုးသည့် အလေ့အကျင့်ကို တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ပါသည်။

ထို့ကြောင့် GAP နည်းစနစ်ဖြင့် ပဲတီစိမ်းစိုက်ပျိုးမှုမှ GAP အသိအမှတ်ပြုလက်မှတ် ရရှိပါက စိုက်ပျိုးရေးဖြင့်ပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ခြင်း၊ စိုက်ပျိုးသူနှင့် စားသုံးသူကျန်းမာရေးအတွက်ဘေးကင်းသော အရည်အသွေးမြင့်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း၊ ပြည်ပဈေးကွက် ဦးစားပေးရရှိခြင်း၊ အရည်အသွေးကောင်းသဖြင့် ဈေးနှုန်းပိုမိုရရှိခြင်း၊ ခိုင်မာသော ဈေးကွက်ရှိခြင်း၊ ဈေးနှုန်းပိုမိုရရှိသဖြင့် တောင်သူဝင်ငွေတိုးတက်လာခြင်း၊ ဓာတုဆေးများ အား လိုအပ်မှသာ အသုံးပြုခြင်းကြောင့် ကုန်ကျစရိတ်သက်သာခြင်း စသည့် အကျိုးကျေးဇူး များစွာရှိသည့်အတွက် ပဲတီစိမ်းသီးနှံကို GAP စနစ်ဖြင့် စိုက်ပျိုးခြင်းသည် စိုက်ပျိုးသူ၊ စားသုံးသူနှင့် ပတ်ဝန်းကျင်အားလုံးအတွက် ရေရှည်အကျိုးရှိသော စိုက်ပျိုးမှုစနစ် တစ်ခု ဖြစ်ပေသည်။

သို့ဖြစ်ပါ၍ စိုက်ပျိုးရေးကဏ္ဍတွင် မျိုး၊ မြေ၊ ရေ၊ နည်း ဆိုသည့် အခြေခံနည်းလမ်းလေးသွယ်ကိုပေါင်းစပ်ကာ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်း၊ မြေဆီလွှာကျန်းမာသန်စွမ်းစေရန် အာဟာရများ ဂရုတစိုက်ထည့်သွင်းခြင်း၊ ရေရရှိရေးနည်းလမ်းများဖြင့် စိုက်ပျိုးရေရရှိခြင်း၊ ခေတ်မီနည်းစနစ်များကို အသုံးပြု၍ အပင်ပြုစုစောင့်ရှောက်ခြင်းတို့ဖြင့် စတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းချိန်အထိ အပင်ဦးရေပြည့်မီစွာ စိုက်ပျိုးထားသော ပဲတီစိမ်းသီးနှံစိုက်ခင်းသည် ကျန်းမာသန်စွမ်း၍ အစေ့အဆန်ပြည့်ဝသော အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းသီးနှံကို လက်ဝယ် ပိုင်ဆိုင်ရရှိခြင်းနှင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် အရည်အသွေးကောင်း ပဲတီစိမ်းမျိုးများ စိုက်ပျိုးထုတ်လုပ်နိုင်ပြီး ခိုင်မာသော ပဲတီစိမ်းဈေးကွက် ရရှိစေပြီး တောင်သူဝင်ငွေတိုးတက်စေမှာ ကေန်မလွဲပင်ဖြစ်ပါသည်။

ခိုင်စုရွှေဦး(DOA Ygn)

# စိုက်ပျိုးမွေးမြူရေးပညာနှင့်နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း – ၂၆)

## စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်များခေတ်နှင့်အညီလိုအပ်သောဘာသာရပ် နှင့်သုတေသနများ (၂)

(ယခင်အပတ်မှအဆက်)

## (ခ) စိုက်ပျိုးမွေးမြူရေး အင်ဂျင်နီယာဘာသာရပ်(B. Agricultural Engineering)

ဤဘာသာရပ်သည်လည်း ကျွန်တော်တို့တက္ကသိုလ်မရောက်မီကတည်းက မန္တလေး စိုက်ပျိုးရေး ကောလိပ်ဘဝကတည်းက သင်ကြားခဲ့သော ဘာသာရပ် ဖြစ်ပါသည်။ ၁၉၂၄-ခုနှစ် ကတည်းက စိုက်ပျိုးရေးဘာသာရပ် (Agriculture) နှောင် လယ်ယာသီးနှံ ဘာသာရပ် (Agronomy) အောက်တွင် ဘာသာရပ် အစိတ်အပိုင်းအနေနှင့် သင်ခဲ့ပြီးနောက် သီးသန့်ဌာန ခွဲထွက် သွားပါသည်။ ဆရာဦးမန်းဖေက ဌာနမှူး ၆ လခန့်လုပ်ခဲ့ပြီးနောက် ဦးမျိုးအောင် (B.Sc. – Agri. Engg) ရောက်လာပြီး နယူးဇီလန်မှ မဟာသိပ္ပံရရှိလာကာ စိုက်ပျိုးရေးအင်ဂျင်နီယာ ဌာနကိုသင်ကြားခဲ့ပါသည်။ သို့သော်တစ်ခြားဌာနများကဲ့သို့ မဟာသိပ္ပံ၊ ပါရဂူဘွဲ့ သင်တန်းများ ပေးနိုင်သည်အထိ ဌာနကကြီးထွားမလာခဲ့ရပါ။

၂၀၁၈-ခုနှစ် ဘာသာရပ်အသစ်၊ ဌာနအသစ်များ ပေါ်ထွက်လာတော့ ပါမောက္ခ အဆင့် ကြီးကြပ်သော စိုက်ပျိုးရေးအင်ဂျင်နီယာဌာနကြီး ဖြစ်သွားပါသည်။သို့သော်စိုက်ပျိုး ပညာပေး ရေးဌာနလောက်တော့ ဘွဲ့လွန်၊ ပါရဂူဘွဲ့ရ ဆရာ/မ အင်အားမများသေးပါ။

စိုက်ပျိုးရေးအင်ဂျင်နီယာဘွဲ့သင်တန်းကို ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၁၉၆၂ ခုနှစ် မှ ၁၉၇၁ ခုနှစ်အထိ ဖွင့်လှစ်သင်ကြားခဲ့ပြီး B.E. (Agricultural Engineering) ဘွဲ့ပေးအပ်ခဲ့ပါသည်။ အကြောင်း အမျိုးမျိုးကြောင့် အဆိုပါဘွဲ့သင်တန်းကို ၁၉၇၁ ခုနှစ် နောက်ပိုင်း မှစ၍ ၂၀၂၁ ခုနှစ်ခန့် အထိ ရပ်နားထားခဲ့ပါသည်။ စိုက်ပျိုးရေးအင်ဂျင်နီယာဘွဲ့ရများ မွေးမြူနိုင်ခြင်း မရှိခဲ့သဖြင့် စိုက်ပျိုးရေးဆိုင်ရာဌာနများဖြစ်သော ဆည်မြောင်း၊ ရေအရင်းအမြစ် နှင့် စက်မှုလယ်ယာဌာနများတွင် စက်မှု၊ လျှပ်စစ်၊ မြို့ပြနှင့် အခြား အင်ဂျင်နီယာ အထူးပြုဘာသာရပ် ဘွဲ့ရများ တာဝန်ထမ်းဆောင်ခဲ့ကြပါသည်။ ယခုအခါ ခေတ်မီတိုးတက်ပြောင်းလဲလာသော နည်းပညာရေးစီးကြောင်းနှင့်အတူ နယ်ပယ်အလိုက် ပိုမိုကျယ်ပြန့်သော နည်းပညာအသစ်များပေါ်ထွန်းလျက်ရှိရာ စိုက်ပျိုးရေးဆိုင်ရာ အင်ဂျင်နီယာ အတတ်ပညာသည် တစ်ခုအပါအဝင် ဖြစ်လာပါသည်။ စာရေးသူ အမျိုးသားပညာရေး မူဝါဒကော်မရှင်တွင်ရှိစဉ်က ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ စိုက်ပျိုးရေး၊ ဆည်မြောင်းနှင့် အစားအသောက်ဆိုင်ရာ အင်ဂျင်နီယာဘာသာရပ်များ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်း အစည်းအဝေးတစ်ရပ်ကို ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ညှိနှိုင်းအစည်းအဝေး၏ ဆုံးဖြတ် ချက်အရ စိုက်ပျိုးရေး အင်ဂျင်နီယာဘွဲ့၊ အစားအစာဆိုင်ရာ အင်ဂျင်နီယာဘွဲ့ (B.E. Food Engineering) သင်တန်းများသင်ကြားမှုအစီအစဉ် ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုအဖွဲ့အစည်း (JICA) ၏ အကူအညီဖြင့် သင်ရိုးညွှန်းတမ်းများ ပြုပြင်ပြောင်းလဲခဲ့ရာ စိုက်ပျိုးရေးပညာ ဘွဲ့ (B.Agr.Sc.) စိုက်ပျိုးရေးအင်ဂျင်နီယာအထူးပြု(Agricultural Engineering) ကျောင်း သား၊ ကျောင်းသူ (၁၃)ဦးသည် စတင်သင်ကြားခဲ့ပါသည်။ သင်ကြားပေးသော ဘာသာရပ်များမှာ (၁) စိုက်ပျိုးရေးအင်ဂျင်နီယာမိတ်ဆက် - (Introduction to Agricultural Engineering)၊ (၂) အင်ဂျင်နီယာပုံဆွဲပညာ - (Engineering Drawing)၊ (၃) ဒြပ်ဝတ္ထုများ၏ခံနိုင်အား-(Strength of Materials) (၄) လယ်ယာဖွဲ့စည်းတည်ဆောက်ပုံနှင့်မြေတိုင်း ပညာ - (Farm Structure and Surveying) (၅) လယ်ယာစက်ယန္တရား - (Farm Machinery) (၆) အင်ဂျင်တွင်း လောင်ကျွမ်းခြင်းပညာ - (Internal Combustion Engine) (၇) ဓာတ်ငွေ့ရည်ဆိုင်ရာ မက္ကင်းနစ်ပညာ - (Fluid Mechanics) (၈) အင်ဂျင်ဒီဇိုင်းပုံစံပညာ - (Design of Machine Elements & CAD - Computer-Aided Design)(၉) ရေသွင်းမှုဆိုင်ရာအင်ဂျင်နီယာပညာ - (Irrigation Engineering) (၁၀) ရိတ်သိမ်းခြင်းနှင့်ပြုပြင်မွန်းမံနည်းပညာ - (Postharvest and Process Engineering) (၁၁) စက်မှုလယ်ယာစီမံခန့်ခွဲမှုနည်းပညာ - (Agricultural Mechanization Management)များအပြင် အထွေထွေစိုက်ပျိုးရေးပညာ - (General Agriculture)၊ သိပ္ပံနည်းကျ စာရေးသားနည်း - (Scientific Writing)၊ ဟောပြောမှုစွမ်းရည်၊ သုတေသနပြုလုပ်နည်းများ - (Research Methods)၊ လုပ်ငန်းခွင်အတွေ့အကြုံ - Internship စသည်တို့ကို လေ့လာရမည် ဖြစ်ပါသည်။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပြီးဆုံးသွားပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပထမဦးဆုံးမွေးထုတ်ပေးမည့် စိုက်ပျိုးရေးပညာဘွဲ့ (စိုက်ပျိုးရေးအင်ဂျင်နီယာအထူးပြု) ကျောင်းသား၊ ကျောင်းသူများဖြစ်လာခဲ့ပါသည်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ စိုက်ပျိုးရေး ဘာသာရပ်များစွာကို ၆၀ ရာခိုင်နှုန်း အလေးပေး သင်ကြားပြီး၊ အင်ဂျင်နီယာဘာသာရပ်ကို ၄၀ ရာခိုင်နှုန်းခန့် သင်ကြားမည့်စနစ်ပုံစံ ဖြစ်ပါသည်။

နည်းပညာတက္ကသိုလ်များဘက်က စိုက်ပျိုးရေးအင်ဂျင်နီယာအထူးပြု (B.E. – Agricultural Engineering)ဘွဲ့ကို ပြန်လည်ပေးအပ်မည်ဖြစ်ပြီး အင်ဂျင်နီယာဘာသာ ရပ်များ ကို ၆၀ရာခိုင်နှုန်း- ၇၀ရာခိုင်နှုန်းအထိ အလေးပေးသင်ကြားမည်ဖြစ်ပြီး စိုက်ပျိုးရေး ဘာသာ ရပ်ကို ၃၀ရာခိုင်နှုန်း-၄၀ရာခိုင်နှုန်းခန့်သင်ကြားပေးနိုင်မည်ဟု ဆိုပါသည်။ သင်ကြားပေးမည့် ဘာသာရပ်များမှာဒုတိယနှစ်မှစ၍ (၁) အသုံးချသင်္ချာ (Applied Mathematics) (၂) အလုပ်ရုံ နည်းပညာ (Workshop Technology) (၃) အင်ဂျင်နီယာ မက္ကင်းနစ်ပညာ (Engineering Mechanics) (၄) သာမိုဒိုင်းနမစ် (Thermodynamics) (၅) ဒြပ်ဝတ္ထုများ၏ခံနိုင်အား (Strength of Materials) (၆)မြေဆီလွှာနှင့်ရေထိန်းသိမ်းရေးအင်ဂျင်နီယာပညာ (Soil and Water Conservation Engineering) (၇) စိုက်ပျိုးရေးနည်းစနစ်အင်ဂျင်နီယာ (Agricultural Process Engineering) (၈) လယ်ယာစက်ယန္တရား - Farm Machinery (၉) ပန့်အင်ဂျင်နီယာနှင့် ဟိုက်ဒြောလစ်ထိန်းချုပ်နည်းများ (Pump Engineering and Hydraulic Control) (၁၀) အဝေးမှအာရုံခံခြင်းနှင့်ပထဝီ အချက်အလက် နည်းပညာ - Remote Sensing and GIS (၁၁) စက်မှုဆိုင်ရာစီမံခန့်ခွဲမှုနည်းပညာ (Industrial Management) များအပြင် သီးနှံစိုက်ပျိုးရေး ပညာ (Crop Production)၊ လူမှုဘာသာ နှင့်လူမှုရေးသိပ္ပံ (Humanities and Social Science)၊ အင်္ဂလိပ်စာ (English)၊ အင်ဂျင်နီယာရူပဗေဒနှင့်ဓာတုဗေဒ (Engineering Physics and Chemistry) သုတေသနနှင့် လုပ်ငန်းခွင်အတွေ့အကြုံ (Research and Internship) စသည် တို့ကို သင်ယူလေ့လာမည်ဟု ကြားသိရပါသည်။

စိုက်ပျိုးရေးအင်ဂျင်နီယာအထူးပြုဘာသာရပ်ကို မြန်မာတစ်နိုင်ငံလုံး ၁၉၇၂-ခုနှစ် လောက်ကတည်းက ခေတ္တရပ်နားပြီး ယခုမှဘွဲ့ကြိုသင်တန်းပြန်စရတော့ ခေတ်နှင့်အညီ သင်ကြား သုတေသနပြုပေးရမည့် ဘွဲ့လွန်(မဟာအင်ဂျင်နီယာ၊ ပါရဂူဘွဲ့သုတေသန) တွေ ပြုလုပ်ပြီး တောင်သူလက်တွေ့အကျိုးပြုနိုင်သော စက်ကရိယာ၊ သင့်တော်သော နည်းပညာ (Appropriate Technology)ဖြင့် တောင်သူလက်တွေ့သုံးစေခြင်းက လက်တွေ့နည်းလမ်း ပိုကျပါသည်။

နိုင်ငံတိုင်းတွင် ဆောင်ရွက်နေသလို စိုက်ပျိုးသူများနှင့်လက်တွေ့ထိတွေ့နေသည့် အစိုးရ ဌာနများဖြစ်သော ဆည်မြောင်း၊ စက်မှုလယ်ယာ၊ ရေအရင်းအမြစ်၊ အသေးစားစက်မှုလက်မှုဌာနများရှိ သုတေသနဌာနခွဲ၊ ဌာနစိတ်များရှိ အသုံးချသုတေသန (Applied Research) နှင့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံပညာရပ်ဆိုင်ရာ သုတေသနများ (Academic Research) ပူးတွဲ ဆောင်ရွက်ခြင်းက ပိုမိုထိရောက်နိုင်ပါသည်။

စိုက်ပျိုးမွေးမြူရေးအင်ဂျင်နီယာ ဘာသာကြီးအောက် အထူးပြုလေ့လာ၊ သင်ကြား သင်ယူ၊ သုတေသနပြုသင့်သည့် ဘာသာခွဲ၊ ဘာသာစိတ်

စာ-၁၁ သို့

စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့်
ဈေးကွက်ရရှိစေရန် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း၊ ကောင်းမွန်သော
ရေသတ္တဝါ မွေးမြူရေးကျင့်စဉ်၊ ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ်တို့ကို
လိုက်နာကျင့်သုံးပါ။

စာ-၁၀ မှ

များမှာ -

(က) စက်မှုလယ်ယာ (Farm Machinery)

(ခ) စိုက်ကွင်းသုံးအင်ဂျင်ပါဝါများ (Farm Engine Power Engineering)

(ဂ) မြေဆီလွှာနှင့်ရေအင်ဂျင်နီယာပညာ (Soil and Water Engineering)

(ဃ) ရေသွင်း၊ ရေထုတ်အင်ဂျင်နီယာပညာ (Irrigation and Drainage Engineering)

(င) သိပ္ပံနည်းကျ လယ်ယာမြေများ စနစ်တကျ ဖော်ဆောင်ထားမှု (Farm Structure)

(စ) လယ်ယာမြေများ တိုင်းတာနည်းစနစ်များ (Farm Surveying)

(ဆ) ရိတ်သိမ်းချိန်လွန်နည်းပညာ (Post-Harvest Technology)

(ဇ) အစားအသောက်ဆိုင်ရာအင်ဂျင်နီယာ (Food Engineering)

(ဈ) ထုပ်ပိုးနည်းပညာ (Packaging Technology)

(ည) ကြိတ်ခွဲနည်းပညာ (Milling Technology)

(ဋ) တိရစ္ဆာန်မွေးမြူရေးဆိုင်ရာအင်ဂျင်နီယာပညာ (Engineering for Animal Husbandry)

(ဌ) ငါးပုစွန်မွေးမြူရေးဆိုင်ရာအင်ဂျင်နီယာပညာ (Engineering for Fishery/ Aquaculture)

(ဍ)စိုက်ပျိုးမွေးမြူရေးအတွက် ပြည့်ဖြိုးမြဲစွမ်းအင်နည်းပညာ (Renewable Energy in Agriculture)

(ဎ) ပတ်ဝန်းကျင်ဆိုင်ရာအင်ဂျင်နီယာပညာ (Environmental Engineering)

(ဏ)ဇီဝအင်ဂျင်နီယာပညာ (Biological Engineering) တို့ပါဝင်ပြီး နိုင်ငံအများစုတွင် သီးသန့် ဘွဲ့ပေးကာ ဘွဲ့ကြို၊ မဟာ၊ ပါရဂူဘွဲ့ကျမ်းပြု သုတေသနများဖြင့် နိုင်ငံအကျိုးပြု သုတေသနများစွာ ပြုလုပ်ပေးလျက် ရှိနေပါသည်။

**စိုက်ပျိုးမွေးမြူရေးအင်ဂျင်နီယာပညာ၏အရေးပါမှု (The Importance of Agricultural Engineering)**

(၁) လယ်ယာကွင်းများတွင် စက်စွမ်းအားကိုအကျိုးရှိစွာသုံးကာ ကုန်ထုတ်လုပ်မှုတိုး တက်လာ စေခြင်း (Mechanization and Productivity Enhancements)

(၂) သွင်းရေကို အကျိုးရှိစွာစီမံခန့်ခွဲနိုင်ခြင်း (Efficient Irrigation and Water Management)

(၃) တန်ဖိုးမြင့် ရိတ်သိမ်းချိန်လွန်နည်းပညာများကို အသုံးပြုနိုင်ခြင်း (Post-Harvest Management and Value Addition)

(၄) ပိုမိုကောင်းမွန်သော မြေဆီလွှာနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရရှိခြင်း (Soil and Environmental Management)

(၅) ပြန်လည်ပြည့်ဖြိုးစွမ်းအင်ပေါင်းစပ်နိုင်ခြင်း (Renewable Energy Integration)

(၆)ပြောင်းလဲနေသောရာသီဥတုကိုခံနိုင်ရည်ရှိရန်စီမံနိုင်ခြင်း (Climate Resilient and Adaptation)

(၇)အခြေခံအဆောက်အဦ ဖွံ့ဖြိုးမှုကို မြန်ဆန်စွာ ပြုလုပ်နိုင်ခြင်း (Infrastructure Development)

(၈) အလုပ်အကိုင်များစွာ ဖန်တီးပေးနိုင်ခြင်း (Employment and Capacity Building)

(၉) အစားအစာဘေးကင်းလုံခြုံပြီးဆင်းရဲမှုလျှော့ချပေးနိုင်ခြင်း (Food Security and Poverty Reduction)

(၁၀) ကမ္ဘာ့ကုလသမဂ္ဂ၏ ရေရှည်တည်တံ့စေမှု ပန်းတိုင်ရရှိစေနိုင်ခြင်း (Sustainable Development Goals) တို့ဖြစ်ပါသည်။

**ကမ္ဘာ့နာမည်ကြီး စိုက်ပျိုးရေး အင်ဂျင်နီယာဌာနရှိ တက္ကသိုလ်များ**

(က) ဇီဝအင်ဂျင်နီယာဌာန၊ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်ဝန်းကျင်သိပ္ပံမဟာဌာန၊ မစ်ဂေး တက္ကသိုလ်၊ ကနေဒါ (Department of Bioresource Engineering, Faculty of Agricultural and Environmental Sciences, McGill University, Canada) စိုက်ပျိုးမွေးမြူရေးနှင့် ဇီဝသိပ္ပံကိုအင်ဂျင်နီယာပညာနှင့် တွဲဖက်ကာ သင်ကြားသုတေသနပြုနေသော နာမည်ကြီး တက္ကသိုလ်ဖြစ်ပါသည်၊

(ခ) စိုက်ပျိုးမွေးမြူရေးနှင့်ဇီဝအင်ဂျင်နီယာဌာန၊ စိုက်ပျိုးမွေးမြူရေးကောလိပ်၊ ပါဒူးတက္ကသိုလ်၊ အမေရိကန်နိုင်ငံ (Department of Agricultural and Biological Engineering, College of Agriculture, Purdue University, US) စိုက်ပျိုးမွေးမြူရေးစနစ်စီမံခန့်ခွဲမှုစနစ် (Agricultural System Management) တစ်ခုလုံး လွှမ်းခြုံမိအောင်သင်ကြားသုတေသနပြုနေသော တက္ကသိုလ်တစ်ခုဖြစ်ပါသည်။

(ဂ) ဇီဝနှင့်ပတ်ဝန်းကျင်အင်ဂျင်နီယာဌာန၊ စိုက်ပျိုးမွေးမြူရေးမဟာဌာန၊ တိုကျို တက္ကသိုလ်၊ ဂျပန်နိုင်ငံ (Department of Biological and Environmental Engineering, Faculty of Agriculture, University of Tokyo, Japan) အင်ဂျင်နီယာအခြေခံပညာကို စိုက်ပျိုးမွေးမြူရေးနှင့် ပတ်ဝန်းကျင်သိပ္ပံနှင့်ပေါင်းစပ်ပြီး တိကျသောစိုက်ပျိုးမွေးမြူရေး (Precision Agriculture) နှင့် ခေတ်မီလယ်ယာလုပ်ငန်း (Smart Farming) များကို သင်ကြားသုတေသနပြုလုပ်နေပါသည်။

(ဃ) စက်မှုလယ်ယာအင်ဂျင်နီယာဌာန၊ စိုက်ပျိုးရေးမဟာဌာန၊ ကက်ဆက် တက္ကသိုလ်၊ ထိုင်းနိုင်ငံ (Department of Farm Mechanics, Faculty of Agriculture, Kasetsart University, Thailand)တက္ကသိုလ်တွင်ရှိသော အင်ဂျင်နီယာမဟာဌာနနှင့် တွဲဖက်၍ နိုင်ငံအတွင်းလိုအပ်လျက် ရှိသည့် ခေတ်မီလယ်ယာသုံးစက်ကိရိယာများကိုသင်ကြားသုတေသနပြုနေပါသည်။

(င) စိုက်ပျိုးရေးအင်ဂျင်နီယာဌာန၊ စိုက်ပျိုးရေးမဟာဌာန၊ ဂျက်ဖနာ တက္ကသိုလ်၊ သီရိလင်္ကာနိုင်ငံ (Department of Agricultural Engineering, Faculty of Agriculture, Jaffna University, Sri Lanka)လူဦးရေ ၂၂-သန်းသာရှိသော ဤသီရိလင်္ကာ နိုင်ငံငယ်ကလေးတွင် တက္ကသိုလ်ပေါင်း ၁၈-ကျောင်းရှိရာ ၁၉၉၀ ခုနှစ်ကျမှ စိုက်ပျိုးမွေးမြူရေးမဟာဌာန ဖွင့်ခဲ့ရသော ဤတက္ကသိုလ် ကလေးအပါအဝင် တက္ကသိုလ် ၉-ကျောင်းက စိုက်ပျိုးမွေးမြူရေးပညာကို သင်ကြား ပေးလျက် ရှိကြောင်းတွေ့ရှိရပါသည်။ စိုက်ပျိုးမွေးမြူရေးပညာမဟာဌာန၏အောက်တွင် ဌာန ၅ဌာနသာ ရှိရာ စိုက်ပျိုးရေးအင်ဂျင်နီယာဌာနသည် တစ်ခုအပါအဝင် ဖြစ်ပါသည်။

စိုက်ပျိုးရေးအင်ဂျင်နီယာဘာသာ အရေးကြီးပုံကို မီးမောင်းထိုးပြခြင်းဖြစ်ပါသည်။(ဆက်ပါဦးမည်)

**ဒေါက်တာမျိုးကြွယ်)**




**စိုက်ပျိုးရေးအင်ဂျင်နီယာဌာန၊ ပါဒူးတက္ကသိုလ်၊ အမေရိကန်နိုင်ငံ**

စာ-၅ မှ

သင်ကြားခဲ့သည့် တန်ဖိုးအရှိဆုံး သင်ခန်းစာမှာ ကမ္ဘာ့ကုန်သွယ်မှုသည် ပါဝင်သည့် နိုင်ငံတိုင်းကို လွတ်လပ်စွာ အကျိုးပြုပြီး အကောက်ခွန်စစ်ပွဲသည် စီးပွားရေးရပ်တန့်စေပြီး စီးပွားရေးပျက်ကပ် အထိပင် ဖြစ်ပေါ်စေနိုင်ကြောင်း သိရှိရပါသည်။

**ကေခိုင်ကျော်**

(မူရင်းဆောင်းပါးရှင်- Chen Jiahe, chief investment officer at Novem Arcae Technologies,China)

https://news.cgtn.com/news/2025-04-14/China-s-zero-tariff-policy-for-LDCs-benefits-global-economy-growth-1CyVt5ENNle/p.html




၂၇-၄-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

## ဆန်

ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း)တွင် ထုတ်ပြန်ထားသော ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်း(အဟောင်း) အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၄၈၀၀၀ ကျပ်၊ အောက်စတစ်အိတ်လျှင် ၁၄၅၀၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်း(အသစ်) အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၃၃၀၀၀ ကျပ်၊ အောက်စတစ်အိတ်လျှင် ၁၃၀၀၀၀ ကျပ်၊ ဖျာပုံပေါ်ဆန်း (အဟောင်း) အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၂၀၀၀၀ ကျပ်၊ ပေါ်ကျွဲဆန် (အဟောင်း) တစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၁၀၀၀ ကျပ်၊ အောက်စတစ်အိတ်လျှင် ၁၀၀၀၀၀ ကျပ်၊ ဧယာဆန်(အသစ်) အလတ်စ တစ်အိတ်လျှင် ၆၄၀၀၀ ကျပ်၊ အောက်စတစ်အိတ်လျှင် ၆၃၀၀၀ ကျပ်၊ ဧည့်မထ (၂၅ မှတ်) ဆန်ကြမ်း အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၅၈၀၀၀ ကျပ်၊ အောက်စ တစ်အိတ်လျှင် ၅၇၅၀၀ ကျပ်၊ ငစိန်ဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၆၄၀၀၀ ကျပ်၊ အောက်စတစ်အိတ်လျှင် ၆၃၀၀၀ ကျပ်နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။ ယခင်အပတ်ဈေးနှုန်းများဖြင့် နှိုင်းယှဉ်ပါက ဧည့်မထ(၂၅ မှတ်) ဆန်ကြမ်းမှာ ဆန်တစ်အိတ်လျှင် ၄၀၀၀ ကျပ် ဝန်းကျင် ဈေးနိမ့်လာခဲ့ခြင်းဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း ပြည်ပပို့ဆန်ဈေးနှုန်းများ ကျဆင်းကာ အရောင်းအဝယ်ဖြစ်မှု လျော့နည်းလျက်ရှိကြောင်း သိရသည်။ ဆန်ဈေးနှုန်းအများစုမှာ ယခင်ရက်သတ္တပတ်နည်းတူ ဈေးနှုန်းအမြင့်တွင်ပင် တည်ငြိမ်နေခဲ့ခြင်း ဖြစ်သည်။ ပြည်တွင်း သယ်ယူပို့ဆောင်စရိတ်များမြင့်တက်လျက်ရှိခြင်းကြောင့် ဒေသတွင်းရောင်းချမှုများသာရှိခြင်း၊ ရောင်းလိုအားများခြင်း၊ အရောင်းအဝယ်ဖြစ်မှု နည်းခြင်းတို့ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ ပြင်ပရှိ လက်လီဈေးကွက်များတွင်လည်း အရည်အသွေး ပိုမိုကောင်းမွန်သော ဆန်များအား သတ်မှတ်ဈေးနှုန်းများထက် ပိုမိုသောဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိသည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှုရှိပြီး စားသုံးသူများက လိုအပ်သလောက်သာ ပုံမှန်ဝယ်ယူမှု ရှိခဲ့ကြောင်း သိရသည်။

## အစေ့ထွက်ပြောင်း

အမေရိကန်-တရုတ် ကုန်သွယ်မှုစစ်ပွဲအခြေအနေများကြောင့် အမေရိကန်ဒေါ်လာတန်ဖိုးနှင့် အခြားငွေတန်ဖိုးများ လှုတ်ခတ်မှုများနေခြင်း၊ ထိုင်းနိုင်ငံမှပေးသော ပြောင်းဆန်ဈေးနှုန်းမှာ ယခင်နှစ်ထက် လျော့နည်းနေခြင်း၊ သကြံန်နှင့်မြန်မာနှစ်သစ်ကူး ပိတ်ရက်များရှိခြင်းတို့ကြောင့် ကုန်သည်အချို့က ပြောင်းတင်ပို့မှု ရပ်နားထားခြင်း ရှိခဲ့ကြောင်း သိရသည်။ နိုင်ငံတကာပြောင်းဈေးကွက်တွင် တက်ဈေးစောင့်ကာ ရောင်းဝယ်လိုသူများ ရှိနေခြင်းကြောင့် အကောက်အခွန်လွတ် တင်ပို့နိုင်သော ကာလဖြစ်သော်လည်း အရောင်းအဝယ်အေးကာ အစေ့ထုတ်ပြောင်းဈေးနှုန်းများ ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ် အရောင်းအဝယ်အေးခဲ့သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၉၁၂၆၀ ကျပ်ဖြစ်သည်။

## ပဲမျိုးစုံ

အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံတွင် မတ်ပဲသစ်အချို့ ဈေးကွက်သို့ ဝင်ရောက်ခြင်းကြောင့်လည်းကောင်း၊ ကုန်သွယ်မှုစစ်ပွဲကြောင့် ကမ္ဘာ့ရွှေဈေး စံချိန်တင်မြင့်တက်ခြင်း၊ အမေရိကန်ဒေါ်လာတန်ဖိုး အားပျော့လာခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယကုန်သည်များက အဝယ်ထိန်းနေခြင်းကြောင့်လည်းကောင်း အခွန်သက်သာခွင့်ဖြင့် လွတ်လပ်စွာ တင်သွင်းခွင့် တစ်နှစ်သက်တမ်း ရရှိထားသော မတ်ပဲ၊ ပဲစင်းငုံများဈေးနှုန်းများမှာ သကြံန်ပွဲတော်ရက်မတိုင်မီ ရရှိထားသည့် ဈေးနှုန်းများ တရွေ့ရွေ့ ကျဆင်းလာခဲ့သည်။ မတ်ပဲ(သဘော်တင်) တစ်တန်လျှင် ယခင်အပတ် ပျမ်းမျှဈေး ၃၀၅၅၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၃၀၃၅၀၀၀ ကျပ်သို့ ရောက်ရှိ ဈေးနိမ့်ခဲ့သည်။ ပဲစင်းငုံ(သဘော်တင်) တစ်တန်လျှင် ယခင်အပတ်ပျမ်းမျှဈေး ၂၉၅၅၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်တွင် ၂၉၃၆၀၀၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။ ယခုရက်သတ္တပတ်အတွင်း ကုန်စည်ဒိုင်ဖွင့်ရက် ၆ ရက်ရှိခဲ့သော်လည်း မတ်ပဲ(သဘော်တင်)မှာ ကုန်သေတ္တာ ၅၅ လုံးခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲစင်းငုံ(သဘော်တင်)မှာ ကုန်သေတ္တာ ၁၀ လုံးခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ အိန္ဒိယ၊ တရုတ်၊ ဥရောပနိုင်ငံများအပြင် အခြားသောနိုင်ငံများကပါ ဝယ်လိုအားရှိသည့် ပဲတီရွှေဝါ အပါအဝင် ကျန်ပဲအမျိုးအစားများမှာလည်း ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ် အရောင်းအဝယ် အေးခဲ့ကြောင်း သိရသည်။ ပဲတီရွှေဝါ ၃ တင်း/၆၀ ပိဿာလျှင် ပျမ်း;မျှဈေးနှုန်း ၃၆၀၄၅၀ ကျပ်၊ ထောပတ်ပဲ ၃ တင်း/၆၀ ပိဿာလျှင် ပျမ်းမျှဈေး ၂၇၈၇၀၀ ကျပ်၊ ကုလားပဲ(လုံးဝါ) တစ်ပိဿာလျှင် ပျမ်းမျှဈေးနှုန်း ၄၃၀၀ ကျပ်၊ ပဲလွမ်းဖြူ ၃ တင်း/၆၀ ပိဿာလျှင် ပျမ်း;မျှဈေးနှုန်း ၂၄၇၅၀၀ ကျပ်၊ ပဲပုပ် ၃ တင်း/၆၀ ပိဿာလျှင် ပျမ်း;မျှဈေးနှုန်း ၃၈၀၁၀၀ ကျပ်၊ ဘိုကိတ်ပဲ ၃ တင်း/၆၀ ပိဿာလျှင် ပျမ်း;မျှဈေးနှုန်း ၂၃၂၀၅၀ ကျပ်ဖြစ်သည်။

## စားသုံးဆီ

စားအုန်း;ဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကော်မတီ၏ ၂၀၂၅ ခုနှစ် ဧပြီ ၂၈ ရက်မှမေ ၄ ရက်နေ့အထိ ကုန်ဆုံးသော ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင် လက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၆၇၃၅ ကျပ်ဖြစ်သည်။ ယခင်အပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ၃၅ ကျပ် ဈေးနိမ့်လာခဲ့ခြင်း ဖြစ်သည်။ ပြင်ပရှိ လက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆီဆိုင်အချို့၌ ရည်ညွှန်းဈေးထက် များစွာမကွာသော ဈေးနှုန်းများဖြင့် တစ်အိမ်ထောင်လျှင် စားအုန်းဆီ ၅၀ ကျပ်သားနှုန်း ရောင်းချပေးလျက်ရှိပြီး အချို့သော မြို့နယ်များတွင် စားအုန်းဆီ တစ်ပိဿာ ပြင်ပပေါက်ဈေးမှာ ၁၀၀၀၀ ကျပ် ဝန်းကျင်ဖြစ်သည်။

**အေးသန္တာဝင်**

စာ-၁၃ မှ

မြို့တွင်းလက်ဖက် ငပိထောင်းသမား ဝယ်ယူမှုသာ ရှိသည်။ မုံရွာ၊ ညောင်ပင်ဝန်းမှ တရုတ်(တိုင်ပေ)ခရမ်းချဉ်များ အဝင်များပြီး မြို့တွင်းသုံးသာရှိသဖြင့် တစ်ပိဿာ ၁၀၀၀မှ ၁၅၀၀ကျပ် ဈေးသာရှိသည်။ ဂေါ်ဖီတစ်ထုပ် ၈၀၀ကျပ်မှ ၁၀၀၀ကျပ်၊ ပန်းမုံလာ တစ်ပွင့် ၈၀၀ကျပ်၊ ဂေါ်ရခါးသီးတစ်လုံး ၁၀၀မှ ၁၅၀ ကျပ်ဈေးဖြင့် စားသောက်ဆိုင်များ ဝယ်ယူမှုများ နေသည်။

## ဂျုံနှင့် အစေ့ထုတ်ပြောင်း

ဂျုံ အသစ်များ စတင်ဝင်ရောက်မှုရှိခြင်း၊ အဝင်နည်းသေးခြင်း၊ ဂျုံစက်များနှင့် လုပ်ငန်းသမားအဝယ်ပုံမှန် ရှိခြင်းကြောင့် ငါန်ဇွန်း၊ မြို့သာ၊ မုံရွာ၊ ဘုတလင်၊ စစ်ကိုင်း၊ ဆာတောင်၊ ရွှေဘို၊ မြင်းမူ၊ ဂျုံအသစ်အရည်အသွေး ပေါ်မူတည်၍ ၃တင်းတစ်အိတ် ၂၀၀၀၀၀ ကျပ်မှ ၂၁၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ရှမ်းဂျုံမှာ အရည်အသွေးပေါ်မူ တည်၍ ၁၇၀၀၀၀ကျပ်မှ ၁၇၅၀၀၀ကျပ်၊ ကလေးဂျုံ ၁၆၂၀၀၀ကျပ်၊ ဩစတေးလျဂျုံမှုန့် တစ်ပိဿာ ၃၇၀၀ကျပ် ဖြင့် ဈေးတည်ငြိမ်နေသည်။ အစေ့ထုတ်ပြောင်းဈေးနှုန်းမှာ ဆောင်းပြောင်းအဝင်နည်းခြင်း မိုးအတွက်ပြင်ဆင်ချိန်ဖြစ်ခြင်း အစာစပ်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၈၄၀၀၀ကျပ်မှ ၈၄၅၀၀ ကျပ်သို့ ဈေးမသိမသာ မြင့်သွားသည်။

**ခင်မေကြည်**

## ဆန်

ရန်ကုန်ပေါ်ဆန်းမှာ အသစ်ဝင်ရောက်မှု ရှိခြင်း၊ အဝင်များခြင်း၊ မြို့တွင်းစားသုံးရန်ဝယ်ယူမှုနည်းခြင်းကြောင့် တစ်အိတ် ၁၁၀၀၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်နေပြီး ရွှေဘိုပေါ်ဆန်းမှာ ရွှေဘိုဒေသတစ်ခုထဲမှထွက်ရှိပြီး မြို့တွင်းသုံးဝယ်ယူမှုများခြင်းကြောင့် တစ်အိတ် ၁၂၅၀၀၀ ကျပ်မှ ၁၃၅၀၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။ မနောသုခဆန်မှာ အသစ်အဝင်များလာခြင်း၊ အဟောင်းလက်ကျန်နည်းသွားခြင်းကြောင့် တစ်အိတ် ၇၆၀၀၀ ကျပ်မှ ၇၈၀၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။ ငစိန်ဆန်နှင့်ဧယာဆန်တို့အနက် ငစိန်ဆန်မှာ အဝင်များလာခြင်း၊ လုပ်ငန်းသမားအဝယ် နည်းခြင်းတို့ကြောင့် တစ်အိတ် ၇၂၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ဧယာဆန်မှာ ပြည်ပတင်ပို့သော ဆန်ဖြစ်၍ ပင်ရင်းဈေးမြင့်ခြင်း၊ မန္တလေးဝန်းကျင်မြို့များမှ ဝယ်ယူမှုရှိခြင်းကြောင့် အသစ်ဝင်ရောက်မှု များသော်လည်း တစ်အိတ် ၈၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ရောမင်းဆန်မှာ အသစ်အဝင်နည်းသွားခြင်း၊ မြို့တွင်းစားသုံးမှုများခြင်းကြောင့် တစ်အိတ် ၁၃၀၀၀၀ ကျပ်မှ ၁၃၅၀၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။

## ပဲမျိုးစုံ

မတ်ပဲဈေးနှုန်းမှာ အညာပဲ ၃တင်းတစ်အိတ် ၂၈၂၀၀၀ ကျပ်မှ ၂၈၆၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး ကျောက်ရစ်ပဲမှာ အရည်အသွေး ကောင်းပြီး အဝင်နည်းသွားခြင်းကြောင့် ရန်ကုန်ဝယ်လက်နည်းသော်လည်း ပဲခွဲစက်များ အဝယ်ပုံမှန်ရှိခြင်း တို့ကြောင့် ၃တင်းတစ်အိတ် ၂၈၂၀၀၀ ကျပ်မှ ၂၈၄၀၀၀ ကျပ်သို့ ဈေးမသိမသာ မြင့်သွားသည်။ပဲတီစိမ်း(အညာ)မှာ ဆောင်းပဲလက်ကျန်နည်းခြင်း၊ မိုးပဲအတွက် ပြင်ဆင်ချိန်ဖြစ်ခြင်း၊ ပဲခွဲစက်နှင့် အဝေးတင်သမားအဝယ်ရှိခြင်းတို့ကြောင့် အရည်အသွေးပေါ်မူတည်၍ ဈေးကွာခြားရာ အရည်အသွေး အကောင်းဆုံး ၃တင်းတစ်အိတ် ၃၀၀၀၀၀ ကျပ်မှ ၃၅၀၀၀၀ ကျပ်သို့ ဈေးမြင့် သွားသည်။ပဲစဉ်းငုံ(ဖြူ/နီ)တို့မှာ အဝင်နည်းခြင်း၊ လက်ကျန်နည်းခြင်း ရှိသော်လည်း ရန်ကုန်ဝယ်လက် နည်းခြင်း၊ ပဲခွဲစက်များ အဝယ်နည်းခြင်းကြောင့် အရောင်းအဝယ်အေးပြီး ပဲစဉ်းငုံ(နီ) ၃တင်းတစ်အိတ် ၂၇၅၀၀၀ကျပ်၊ ပဲစဉ်းငုံ(ဖြူ) ၂၇၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲပုတ်(မြန်မာ)မှာ အဝင်နည်း၊ ပစ္စည်းကောင်းရှားခြင်း၊ လုပ်ငန်းသမားအဝယ် ပုံမှန် ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၃၈၅၀၀၀ကျပ်မှ ၄၅၀၀၀၀ကျပ်သို့

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေး၊ သီရိမာလာဈေးတို့မှ ၂၇-၄-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။




## ဆီထွက်သီးနှံ

မြေပဲ (လုံးဆန်/ဆီဆန်) ဈေးနှုန်းမှာ ဆောင်းမြေပဲအဝင်နည်းခြင်း၊ မိုးပဲစိုက်ရန် ပြင်ဆင်စအချိန်ဖြစ်ခြင်း လုပ်ငန်းသမား၊ ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ကျွန်းမြေပဲ ၁၀၀ပိဿာ ၉၃၀၀၀၀ကျပ်၊ မြင်းမူဆံ ၉၅၀၀၀၀ကျပ်ဖြင့် ဈေးငြိမ်နေပြီး မြေပဲဆီဆံမှာ ဆီစက်သမား အဝယ်များပြီး အဝင်နည်း ခြင်းကြောင့် ၁၀၀ပိဿာ ၈၂၀၀၀၀ကျပ်မှ ၈၈၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ နှမ်းမျိုးစုံဈေးနှုန်းအနေဖြင့် ဆောင်းနှမ်းလက်ကျန်နည်းခြင်း၊ နွေနှမ်းမဝင်သေးခြင်းကြောင့် တရုတ်ဝယ်လက်နည်းသော်လည်း အခွံချွတ်သမား၊ လုပ်ငန်းသမားအဝယ်ပုံမှန်ရှိခြင်းကြောင့် နှမ်းဖြူ ၄၅ ပိဿာ ၃၂၅၀၀၀ ကျပ်မှ ၃၅၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး နှမ်းညိုမှာ ဆီစက်သမားအဝယ်နည်းခြင်းကြောင့် ၃၁၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ နှမ်းနက်မှာ လက်ကျန်နည်းသော်လည်း အဝေးတင်ပို့ရမှုနည်းခြင်းကြောင့် ၄၅ ပိဿာ ၅၆၀၀၀၀ကျပ်ဖြင့် ဈေးငြိမ်နေသည်။ပန်းနှမ်းဈေးနှုန်းမှာ အသစ်ဝင်ရောက်သော်လည်း အဝင်နည်းခြင်း၊ ရောဆီအတွက် ဆီစက်သမား အဝယ်ရှိခြင်းကြောင့် ၄၅ပိဿာ ၂၅၀၀၀၀ကျပ်ဖြင့် ဈေးငြိမ်နေသည်။ နေကြာမှာလည်း ဆောင်းနေကြာ အဝင်နည်းခြင်း၊ ဆီစက်သမားအဝယ်နည်းခြင်းကြောင့် ၂၇ပိဿာ ၁၈၅၀၀၀ကျပ် အမြင့်ဈေးဖြင့် ဈေးတည်ငြိမ်နေသည်။

## စားဖိုဆောင်သီးနှံ

မန္တလေးကိုင်းတန်းဈေးတွင် မြစ်သားကြက်သွန်နီ တစ်မျိုး တည်းသာဝင်ရောက်ပြီး ဝင်ရောက်မှုများခြင်း၊ နယ်ဝေးတင်ပို့ရမှုနည်းခြင်းကြောင့် ကြီးတစ်ပိဿာ ၂၀၀၀ကျပ်၊ လတ်တစ်ပိဿာ ၁၈၀၀ ကျပ်၊ သေးတစ်ပိဿာ ၁၆၀၀ ကျပ်ဖြင့် မြို့တွင်းစားသုံးမှုသာ များနေသည်။ ကြက်သွန်ဖြူ(တရုတ်)မှာ အဝင်ပုံမှန်၊ မြို့တွင်းသုံးပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၁၂၅၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ကြက်သွန်ဖြူ(မြန်မာ) များ ရွှေဘိုဘက်မှဝင်ရောက်မှုများ လာခြင်းကြောင့် အရည်အသွေးပေါ်မူတည်၍ အကောင်းဆုံးတစ်ပိဿာ ၁၀၀၀၀ကျပ်မှ အညံ့ဆုံး ၅၀၀၀ ကျပ်ထိ အရည်အသွေးပေါ်မူတည်၍ ရောင်းချနေသည်။ ကြက်သွန်ဖြူ(ရှမ်း)များလည်း ဝင်ရောက်မှုများလာပြီး အရည်အသွေးပေါ်မူတည်၍ အကောင်းဆုံး ၈၀၀၀ကျပ်မှ အညံ့ဆုံး ၅၀၀၀ ကျပ်ဖြင့် မြို့တွင်းလက်လီဆိုင်များ ဝယ်ယူမှုများသည်။ အာလူးဈေးနှုန်း အနေဖြင့် ပခုက္ကူ၊ ပြင်ဦးလွင်တို့မှ ဝင်ရောက်မှုမရှိတော့ဘဲ၊ အောင်ပန်းအာလူး တစ်ပိဿာ ၄၀၀၀ကျပ်၊ ဘန့်ဘွေးအာလူးတစ်ပိဿာ ၃၅၀၀ကျပ်ဖြင့် မြို့တွင်းစားသုံးမှု အာလူးကြော်သမားများ ဝယ်ယူမှုသာရှိသည်။ချင်းဈေးနှုန်းမှာ အရည်အသွေးညံ့သွားခြင်း၊ မြို့တွင်းစားသုံးမှုသာရှိခြင်း၊ နယ်ဝေးတင်ပို့ရမှု မရှိခြင်းကြောင့် တစ်ပိဿာ ၃၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ဈေးမြင့်သွားပြီး ပဲပုတ်(ရှမ်း)မှာ အသစ်ဝင်ရောက်မှု ရှိခြင်း၊ ဆီစက်သမားအဝယ်နည်းခြင်းကြောင့် ၃တင်းတစ်အိတ် ၃၃၀၀၀၀ကျပ်မှ ၃၁၀၀၀၀ကျပ်သို့ ဈေးမသိမသာ နိမ့်သွာသည်။ကုလားပဲမှာ ပဲခွဲစက်နှင့် လုပ်ငန်းသမားအဝယ်များခြင်းကြောင့် အသစ်ဝင်ရောက်မှုရှိသော်လည်း ၃တင်းတစ်အိတ် ၂၃၁၀၀၀ ကျပ်မှ ၂၄၀၀၀၀ကျပ်သို့ ဈေးမြင့်သွားပြီး ကုလားပဲ(လုံးဝါကြီး)မှာ လည်း အသစ်ဝင်ရောက်မှုရှိခြင်း ပဲခွဲစက်များအဝယ်ပုံမှန်ရှိခြင်းကြောင့် ယခင်လ ၃တင်းတစ်အိတ် ၂၁၂၀၀၀ ကျပ်မှ ၂၂၀၀၀၀ကျပ်သို့ ဈေးမြင့်သွားပြီး၊ ခွဲခြမ်းမှာလည်း လုံးဝါကြီးဈေးမြင့်သဖြင့် တစ်ပိဿာ ၅၆၀၀ကျပ်မှ ၅၇၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ပဲယင်း၊ မြေတောက်ပဲ၊ စားတော်ပဲ(ကျွန်း)တို့မှာလည်း အသစ်အဝင် နည်းခြင်း လက်လီသမား၊ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ပဲယင်း ၃တင်းတစ်အိတ် ၂၀၀၀၀၀ကျပ်မှ ၂၀၅၀၀၀ကျပ်၊ မြေတောက်ပဲ အရည်အသွေးအကောင်းဆုံး ၃တင်းတစ်အိတ် ၂၉၀၀၀၀ကျပ် မှ ၃၀၅၀၀၀ကျပ် သို့လည်းကောင်း၊ စားတော်ပဲ(ကျွန်း) ၃၇၅၀၀၀ကျပ်မှ ၄၅၀၀၀၀ကျပ်သို့ ဈေးအသီးသီးမြင့်သွားသည်။ ပဲကြီး(ကြီး/သေး)၊ ထောပတ်ပဲ(ကြီး/သေး)တို့အနက် ပဲကြီး(ကြီး)နှင့် ထောပတ်ပဲ(ကြီး)တို့မှာ အဝေး တင်ပို့ရမှုနည်းခြင်း၊ အရောင်းအဝယ်အေးခြင်းကြောင့် ၃တင်းတစ်အိတ် ပဲကြီး(ကြီး) ၂၇၅၀၀၀ကျပ်၊ ထောပတ်ပဲ (ကြီး) ၃၂၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲကြီး(သေး)၊ ထောပတ်ပဲ(သေး)တို့မှာ လက်လီသမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ပဲကြီး(သေး) ၃တင်းတစ်အိတ် ၂၁၀၀၀၀ကျပ်မှ ၂၃၀၀၀၀ကျပ်သို့ လည်းကောင်း ထောပတ်ပဲ(သေး) ၂၆၀၀၀၀ကျပ်မှ ၂၇၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

## ဟင်းသီး/ရွက်နှင့် သစ်သီးဝလံ

ချောင်းဦးဘက်မှ ဖရဲသီး ၃ပိဿာဝင်တစ်လုံး ၆၀၀၀ကျပ်၊ သခွားမွှေး၊ ပိုက်သခွားတစ်လုံး အရည်အသွေးပေါ်မူတည်၍ ၂၀၀၀မှ ၅၀၀၀ကျပ်၊ ညောင်ပင်ဝန်း၊ ဆားတောင်၊ တံတားဦးမှ သင်္ဘောသီး ၂လုံးထုပ်တစ်ထုပ် ၂၅၀၀ကျပ်၊ ရောင်းဝယ်နေသည်။ ရမည်းသင်းစပျစ်သီးများ အဝင်များလာပြီး စပျစ်သီး(ညို) တစ်ပိဿာ ၇၀၀၀ကျပ်၊ အချွန်း ၈၅၀၀ကျပ်မှ ၁၃၀၀၀ကျပ်၊ အာဂျီတစ်ပိဿာ ၉၀၀၀ကျပ်၊ အော်ဂင်လီမွှော် ၁၂ပိဿာတစ်ခြင်း ၁၅၀၀၀၀ ကျပ် ဈေးဖြင့် ရောင်းဝယ်နေသည်။ စိန်တစ်လုံးသရက်များ လှိုင်လှိုင် ဝင်ရောက်ပြီး အရည်အသွေးပေါ်မူတည်၍ တစ်လုံး ၅၀၀ကျပ်မှ ၇၀၀ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ် နေသည်။ သစ်သီးမျိုးစုံကို ရွှေဘို၊ ရေဦး၊ ဗန်မော်၊ ပြင်ဦးလွင်၊ ပွင့်ဖြူ၊ အောင်လံ၊ ပြည် စသော အမှာရှိသောမြို့များသို့ တင်ပို့မှုရှိသည်။ဟင်းသီး/ရွက်ဈေးနှုန်းများအနေဖြင့် မုံရွာ၊ ချောင်းဦးမှ ငရုတ်စို(ရှည်)တစ်ပိဿာ ၃၀၀၀ကျပ်၊ ငရုတ်စို(လတ်) တစ်ပိဿာ ၄၀၀၀ကျပ်ဖြင့်

စာ-၁၂ သို့

## သဘာဝကပေးအစာနှင့်ဆေး

# ကောက်လန်းတီ

ငယ်စဉ်က နံနက်ဝေလီဝေလင်း ချိန်ခါ ပဲပြုတ်သည်လာ သည့်အချိန်တွင် ပဲပြုတ် အပါအဝင် ကောက်လန်းတီမုန့်၊ ထန်းသီးမုန့်၊ မုန့်ဦးနှောက်၊ မုန့်လိပ်ပြာ၊ ငှက်ပျောကောက်ညှင်းထုပ် အစရှိသည့် ရိုးရာမုန့်များလည်း ပါ၏။ လူကြီးမိဘများက ထမင်းကြော်ဖို့ စားတော်ပဲပြုတ် ဝယ်သည့်အခါ ကျွန်မတို့ မောင်နှမများအတွက် မုန့်လေးများ ဝယ်ပေး၏။ စာရေးသူသည် မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် ဇာတိချက်မြှုပ်ဖြစ်ရာ မွန်တို့၏ ရိုးရာ မုန့်ပဲသရေစာ တစ်မျိုးဖြစ်သည့် ကောက်လန်းတီပန်းရနံ့လေး သင်းသင်းမွှေးပြီး ခရမ်းရင့်ရောင် ချိုဆိမ့်ဆိမ့်အရသာ ရှိသော မုန့်လေးအပေါ် ဖြူဖွေးနုရွနေသည့် အုန်းသီးခြစ်လေးဖြူးပြီး စားလိုက်ရသည့် အချိန်လေးကို ပြန်သတိရ မိသွား၏။ ကောက်လန်းတီဟု လူသိများသည့် အပင်ကို ကောက်လှိုင်းတီဟုလည်း ခေါ်ဆိုကြပြီး ယင်း၏အင်္ဂလိပ် အမည်မှာ Forest Ghost Flower ဟု ခေါ်ဆိုကြသကဲ့သို့ Indian broomrape ဟုလည်းခေါ်ဆိုကြ၏။ ရုက္ခဗေဒအမည်မှာ Aeginetia indica Linn., ဟုလည်း ခေါ်ဆိုကာ မျိုးရင်း Orobanchaceae တွင် ပါဝင်၏။ ကောက်လန်းတီပင်သည် အာရှနိုင်ငံများ၏ အပူပိုင်းနှင့် အပူလျော့ပိုင်းဒေသများ အပါအဝင် အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ အရှေ့အာရှ၊ အရှေ့တောင် အာရှနိုင်ငံများ၊ ပစိဖိတ်ကျွန်းစုဒေသတို့တွင် သဘာဝ အလျောက် ပေါက်ရောက်တတ်သည့်အပင်မျိုးဖြစ်၏။ ယင်းအပင်ကို နယူးဂီနီ Papua New Guinea နှင့် ပစိဖိတ်သမုဒ္ဒရာနှင့် ကျွန်းနိုင်ငံများတွင်လည်း တွေ့ရှိရ၏။

ကောက်လန်းတီပင်တွင် အစိမ်းရောင်ခြယ် ကလိုရိုဖီးလ်ပါဝင်ခြင်းမရှိခြင်းကြောင့် ကိုယ်တိုင်အစာမချက်နိုင်ဘဲ အခြားသော စပါး၊ ကြံ၊ ဝါး၊ မြက်မျိုးနွယ်ဝင်အပင်များ၊ အပင်မျိုးကို ကပ်ပါးပြုပြီး ပေါက်တတ်သော အပင်မျိုးဖြစ်၏။ အမြဲတမ်းစိမ်းလန်းသော တောင်ကုန်း၊ ဝါး၊ စိုစွတ်သောရွက်ကြွေတောများနှင့် ထင်းရှူးတောများ၊ အမြဲစိမ်းသစ်တောများ၊ စိုစွတ်သောမြေနိမ့်မြက်ခင်းတွင်သာမက အခြားသစ်တောများနှင့် လမ်းဘေးများ အထူးသဖြင့် ကျောက်တုံး သို့မဟုတ် ထုံးကျောက်အလွှာပေါ်တွင် ပေါက်တတ်သည့် အမြစ်ကပ်ပါးပင် မျိုးဖြစ်၏။ အပင်ပုလေးများဖြစ်ပြီး အရွက်လုံးဝမရှိသည့်အပင်မျိုးဖြစ်၏။ အပင်ပေါက်လေးများ မြေကြီးထဲမှ ထိုးထိုးထောင်ထောင်နှင့် ထွက်လာပြီး အပင်၏ ထိပ်ပိုင်းတွင် ပန်းပွင့်၏။ ပန်းပွင့်မှာ သုံးလေးပွင့်အစုမှသည် တစုတဝေးတည်း အခင်းလိုက် ပေါက်ရောက်တတ်၏။ အပင်တစ်ပင်လုံးမှာ ခရမ်းရင့်ရောင်ရှိပြီး အပွင့်ပုံသဏ္ဍာန်မှာ သစ်ခွပန်းပွင့်ကဲ့သို့ ရှိ၏။ ဝါဆို၊ ဝါခေါင်လများတွင် ကောက်လှိုင်းတီပင်မှ အပွင့်များကို ခူးဆွတ်ပြီး မုန့်လုပ်ရာတွင် အသုံးပြုကြ၏။

ပန်းပွင့်များသည် ဆလင်ဒါပုံ ရိုးတံသီးသန့်ဖြင့် မြေထဲမှထိုးထွက်လာပြီး ၁၀ စင်တီမီတာမှ ၅၀ စင်တီမီတာအထိ ရှင်သန်လေ့ရှိ၏။ ပွင့်ဖတ်အုံ Calyx သည် ဘဲဥပုံဖြစ်ပြီး ၁ ဒသမ ၅ မှ ၃ စင်တီမီတာ ရှည်ပြီး ဒေါင်လိုက် အဝါရောင် အစင်းကြောင်းများပါဝင်ပြီး ခရမ်းရောင်ရှိ၏။ ပွင့်ချပ်အုံ Corolla သည် ခရမ်းရောင် ဖျော့ဖျော့၊ နှုတ်ခမ်းနှစ်လွှာ၊ ပြွန်ကျယ်ပြီး ကွေးသော ခေါင်းလောင်းပုံသဏ္ဍာန်ရှိပြီး အရှည် ၂ ဒသမ ၅ မှ ၅ စင်တီမီတာ၊ အချင်း ၂ ဒသမ ၅ စင်တီမီတာ ရှိပြီး အနားသတ်များမှာ အနည်းငယ်တွန့်၏။ သီးတောင့်များသည် ဘဲဥပုံ သို့မဟုတ် အဝိုင်းပုံဖြစ်ပြီး ၁ ဒသမ ၅ မှ ၂ စင်တီမီတာထိ ရှည်လျား၏။ အစေ့များမှာ အဝါရောင်ဖြစ်၏။



ကောက်လန်းတီပင်ကို နီပေါလ်နိုင်ငံရှိ ဟိမဝန္တာတောင်တန်းအရှေ့ပိုင်းဒေသများအပါအဝင် နေရာအများအပြားတွင် ဆေးဖက်ဝင်အတွက်သာမက ရိုးရာအစဉ်အလာ ရည်ရွယ်ချက်များအတွက် အသုံးပြုကြ၏။ အထူးသဖြင့် ဟိန္ဒူဘုရားရှင်နှင့် နတ်ဘုရားများအတွက် ပူဇော်ရန် အသုံးပြုကြ၏။

ကောက်လန်းတီပင်တွင် အဆီဓာတ်၊ အမျှင်ဓာတ်၊ ပရိုတင်းဓာတ်နှင့် ကာဘိုဟိုက်ဒရိတ် အစရှိသည့် အာဟာရ ဓာတ်များ ပါဝင်၏။ ကောက်လန်းတီပွင့်၏ အာဟာရ တန်ဖိုးပါဝင်မှုသည် ပင်စည်ယောင် pseudostems ထက် ပိုမိုမြင့်မားသည်ကို တွေ့ရှိခဲ့ကြ၏။ ထို့အပြင် ယင်းတွင် alkaloids၊ carbohydrates၊ flavonoids၊ glycosides၊ organic acids၊ phenolic compounds၊ သကြားဓာတ်၊ saponins၊ steroids နှင့် terpenoids များ ပါဝင်ကြောင်း လေ့လာမှုများက ဖော်ပြထား၏။ ကောက်လန်းတီပင်၏ ပန်းပွင့်၊ ပင်စည်ယောင်၊ အမြစ်နှင့် တစ်ပင်လုံးကို ဆေးအဖြစ် အသုံးပြုကြ၏။

အနောက်တိုင်းဆေးဘက်ဆိုင်ရာ ပညာရပ်အရ ကောက်လန်းတီပင်တွင် aeginetic acid၊ phenolic acid၊ aeginetolide၊ aeginetoside၊ glucuronide၊ terpenoid၊ poly-saccharide၊ polyenes နှင့် ionone glycosides ဓာတ်ပေါင်းများပါဝင်ပြီး ယင်းတို့သည် အဖျားရောဂါကို ကင်းဝေးစေခြင်း၊ ကိုယ်တွင်းရောင်ရမ်းနာကျင်ခြင်းကို လျှော့ချပေးနိုင်



ခြင်း၊ ဆဲလ်များအဖုအကျိတ်ဖြစ်ခြင်းကို ဟန့်တားပေးနိုင်ခြင်း၊ ကိုယ်တွင်းအဆိပ်ကိုဖယ်ရှားနိုင်ခြင်း၊ ဗိုင်းရပ်စ်ပိုးများကို တိုက်ဖျက်နိုင်စွမ်းတို့ ရှိ၏။ ကျောက်ကပ်ရောင်ရောဂါ၊ ကျောက်ကပ်ကင်ဆာ၊ ဆီးလမ်းကြောင်းကင်ဆာ၊ ချောင်းဆိုးခြင်း၊ ဆီးချိုရောဂါ၊ အသည်းရောဂါ၊ အဆစ်အမြစ်အားနည်းခြင်းနှင့် ကိုယ်လက်ဖောရောင်ခြင်း ဝေဒနာများကို ထိရောက်စွာ သက်သာစေနိုင်ပြီး သာမန်အဖျားရောဂါ၊ ချောင်းဆိုးခြင်းနှင့် ရင်ပူခြင်းတို့ကိုလည်း သက်သာစေနိုင်၏။

အရှေ့တောင်အာရှနိုင်ငံများ အထူးသဖြင့် အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့၏ တိုင်းရင်းဆေးညွှန်းများတွင် ကောက်လန်းတီအား အထူးထည့်သွင်းအသုံးပြုကြ၏။

ထိုင်းတိုင်းရင်းဆေးပညာရပ်တွင် ကောက်လန်းတီပင်ကို ဆေးဝါးပင်အဖြစ် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာကြ ၏။ ကောက်လှိုင်းတီပင်ကို ကင်ဆာရောဂါဝေဒနာရှင်များအတွက် အသုံးဝင်သော ကုထုံးတစ်ခုအဖြစ် အသုံးပြုကြ၏။ ကောက်လှိုင်းတီပင်ဖြင့် ကျောက်ကပ်ကင်ဆာကိုကုသရာတွင် အကျိတ်ဆဲလ်များ ပျံ့နှံ့မှုအပေါ် ဟန့်တားနိုင်သော အကျိုးသက်ရောက်မှု ရလဒ်ကောင်းကို ရရှိခဲ့ကြ၏။ ထို့အပြင် အရေပြားရောင်ရမ်းခြင်း၊ အမျိုးသမီးများ လစဉ် ဓမ္မတာလာစဉ် နာကျင်ခြင်း၊ အဆစ်မြစ် ရောင်ရမ်းနာခြင်းများအတွက်လည်း အသုံးပြုကြ၏။

ဖိလစ်ပိုင်တိုင်းရင်းဆေးပညာရပ်အရ ဆီးချိုရောဂါဝေဒနာရှင်များအတွက် ကောက်လန်းတီပင်ကို ပြုတ်ပြီး ရရှိလာသောအရည်ကို ဆေးဝါးအဖြစ် သောက်သုံးကြ၏။

တရုတ်ရိုးရာဆေးပညာတွင် ကောက်လန်းတီပင်ကို နာတာရှည် အသည်းရောဂါများ၊ ချောင်းဆိုးခြင်းနှင့် အဆစ်အမြစ်ရောင်ခြင်းဝေဒနာတို့ကို ကုသရာတွင် အသုံးပြု၏။

နီပေါလ်တိုင်းရင်းဆေးပညာအရ အဖျားရောဂါပျောက်ကင်းစေရန် အတွက် ကောက်လန်းတီ အမြစ်

စာ-၁၅ သို့

ကြေးမုံငယ်

ကျောဖုံးမှ-

မာများကို ၄ နာရီခြား အရေခွံပြောင်းလဲချိန်ကို စောင့်ကြည့်ပြီး ကဏန်းပျော့ရရှိစေရန်အတွက် ကျွမ်းကျင်လုပ်သားများက အလျင်အမြန်ဆယ်ယူရခြင်း ဖြစ်သည်။

## ကဏန်းပျော့စွန့်ပစ်ပစ္စည်း အသုံးဝင်ပုံ

ကဏန်းပျော့မွေးမြူခြင်း၏ အားသာချက်မှာ ကဏန်းပျော့များ အရေခွံလဲပြီးကြွင်းကျန်သော အခွံ၊ အသေများကို ကျွမ်းကျင်သူများ၏ အကူအညီနှင့် သဘာဝမြေသြဇာအဖြစ် ထုတ်လုပ်နိုင်သည့်အတွက် စွန့်ပစ်စရာမလိုသော ရေထွက်ကုန်ပစ္စည်း( Zero Waste) ဖြစ်ပါသည်။

ကဏန်းပျော့စွန့်ပစ်ပစ္စည်းမှ သဘာဝမြေသြဇာအဖြစ် ထုတ်လုပ်ပုံမှာ ကဏန်းအသေများနှင့် အရေခွံလဲ၍ ထွက်ရှိလာသော ကဏန်းအခွံများကို နေလှန်းကြိတ်ချေပြီး အရိုးမှုန့်ဓာတ်မြေသြဇာနှင့် အပင်များအတွက် လိုအပ်သော ကဏန်းအမိုင်နိုအော်ဂဲနစ်ဆေးရည်အဖြစ် ထုတ်လုပ်ပါသည်။ ရရှိလာသော သဘာဝ မြေသြဇာများကို ဈေးကွက်အတွင်း ကဏန်းအမိုင်နိုအော်ဂဲနစ်ရွက်ဖျန်းဆေးရည်နှင့် သဘာဝမြေဆီလွှာပြုပြင်ဆေးများကို ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချပါသည်။

## ပြည်ပတင်ပို့မှု

ကဏန်းပျော့ကို ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်အပြင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာနှင့် ရခိုင်ပြည်နယ်တို့၌လည်း မွေးမြူကြပြီး ပြည်ပနိုင်ငံများဖြစ်သော ထိုင်း၊ စင်ကာပူ၊ တရုတ်နှင့် ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချကြသည်။

## ကဏန်းစားဖွယ်စုံ

ကဏန်းပျော့မှာ တစ်ကိုယ်လုံးစားသုံး၍ရပြီး လူကြိုက်များလှပါသည်။ ကဏန်းအသားမှာ အလွန်ချိုပြီး နူးညံ့လှပေသည်။ ကဏန်းနှင့် ပတ်သက်သည့် နာမည်ကြီးဟင်းလျာများမှာ ကဏန်းမဆလာချက်၊ ကဏန်းချဉ်စပ်၊ ကဏန်းပျော့တန်ပူရာကြော်၊ ကဏန်းဘာဂါ၊ ကဏန်းပေါင်း၊ ကဏန်းပင်လယ်စာထောင်း၊ ကဏန်းအသားထွင်းကြော်၊ ကဏန်းကြော်ချက်၊ ကဏန်းပျော့ ငရုတ်ကောင်းကြော် စသည့်ဟင်းလျာများမှာ နာမည်ကြီးပြီး လူကြိုက်များလှပါသည်။

## ကဏန်းစားသုံးခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ

၁။ ပရိုတင်း(အသားဓာတ်)ကြွယ်ဝစွာ ပါရှိခြင်း



ကဏန်းတစ်ကောင်တွင် အသားနည်းနည်းသာပါသော်လည်း အသားဓာတ်(Protein)များ ကြွယ်ဝလှပေသည်။ ထိုအသားဓာတ်မှာ အရည်အသွေးမြင့်မားပြီး အမဲသား၊ ဆိတ်သားတို့ကဲ့သို့ အကြောများ မပါဝင်သဖြင့် အစာကြေလွယ်ပြီး အသက်အရွယ်မရွေး စားသုံးနိုင်ပါသည်။

၂။ ဗီတာမင်နှင့် သတ္တုဓာတ်များစွာ ပါဝင်ခြင်း

ကဏန်းတွင် ဗီတာမင်ဓာတ်(Vitamin)နှင့်သတ္တုဓာတ်(Mineral) များစွာပါဝင်ပြီး အဆီဓာတ်နည်းကာ Omega- 3 ပါဝင်ပါသည်။ ပါဝင်သည့် Omega- 3 သည် အသီးနှံ၊ ဆီများတွင် ပါဝင်တတ်သည့် သာမန် Omega- 3 မဟုတ်ဘဲ Long-chain Omega- 3 ဖြစ်သောကြောင့် ကျန်းမာရေးကို အထောက်အကူပြုပြီး စိတ်လှုပ်ရှားမှုပြင်းခြင်းကို တားဆီးပေးခြင်း၊ ကဏန်း (၁၀၀) ဂရမ်တွင် တစ်နေ့တာလိုအပ်သည့် Omega- 3 သုံးပုံတစ်ပုံ ပါဝင်သည်ဟု သိရပါသည်။



၃။ ဆယ်လီနီယမ်(Selenium) ကြွယ်ဝစွာ ပါရှိခြင်း

ကဏန်းတွင် Selenium ဓာတ်ပါဝင်ပြီး Selenium ဓာတ်မှာ ခန္ဓာကိုယ်ခုခံအားစနစ်တွင် အရေးပါသည့်နေရာမှ ပါဝင်ပြီး ဆဲလ်၊ တစ်သျှူးများထိခိုက်ခြင်းမှ အကာအကွယ်ပေးပါသည်။ ကဏန်းတွင်ပါဝင်သည့် Selenium ပမာဏမှာ အမဲသားတွင်ပါဝင်တာထက် ၁၂ ဆပိုများသည်ဟု သိရပါသည်။

၄။ ဗီတာမင် ဘီ-တူး ကြွယ်ဝစွာပါရှိခြင်း

ကဏန်းတွင် ဗီတာမင် ဘီ-တူး လည်းပါဝင်သောကြောင့် ဗီတာမင် ဘီ-တူး မှာ သွေးနီဥများ ထုတ်လွှတ်ဖို့အတွက် အရေးပါပြီး အရေပြား၊ မျက်လုံးနှင့် အာရုံကြောများအတွက် လိုအပ်သည့် သက်စောင့်ဓာတ်တစ်မျိုးလည်းဖြစ်ပါသည်။

၅။ ကြေးနီဓာတ်နှင့် ဖော့စ်ဖရိတ်ဓာတ်များ ကြွယ်ဝစွာပါရှိခြင်း

ကဏန်းတွင် ကြေးနီ (Copper) ဓာတ်နှင့် ဖော့စ်ဖိတ်ဓာတ် (Phosphate) လည်းပါဝင်ပြီး ကြေးနီဓာတ်မှာ သွေးနီဥဖွဲ့စည်းတည်ဆောက် ပုံအတွက် အရေးပါပြီး ဖော့စ်ဖိတ်ဓာတ်မှာ ကျောက်ကပ်လုပ်ငန်းစဉ်၊ နှလုံးကြွက်သားနှင့် အစာခြေစနစ်အတွက် များများလိုအပ်သည့် ဓာတ်တစ်မျိုးဖြစ်ပါသည်။

အချုပ်အားဖြင့် ဆိုရသော်- ဈေးကွက်ဝင်ပြီး လူကြိုက်များသည့် ကဏန်းပျော့သည် သဘာဝအားဖြင့် ထူးခြားလှပြီး ကျန်းမာရေးအတွက်လည်း များစွာအထောက်အကူပြုပါသည်။ ထို့ပြင် မွေးမြူရေးတွင်လည်း အောင်မြင်လျက်ရှိပြီးကဏန်းပျော့စွန့်ပစ်ပစ္စည်းများမှာလည်း အသုံးဝင်လှပါသည်။ ကဏန်းပျော့သည်အရသာ ထူးခြားကောင်းမွန်ရုံသာမက တစ်ကောင်လုံးလည်း စားသုံး၍ရသဖြင့် ပြည်တွင်းတွင်သာမက နိုင်ငံခြားဈေးကွက်ထိပါ တင်ပို့နေရသည့် တန်ဖိုးမြင့်ရေထွက်ကုန်ဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ပင်လယ်ပြာ(ငါးဦးစီး)**

စာ-၁၄ မှ

ကြိတ်ရည်ကို ဆေးအဖြစ် သောက်သုံးကြ၏။

မြန်မာနိုင်ငံတွင် ကောက်လန်းတီကို ဆေးဖက်ဝင်အဖြစ်သာမက မုန့်ပဲသရေစာအဖြစ်လည်း ပြုလုပ်စားသောက်တတ်ကြ၏။ ရှေးယခင်ကမူ ဝါဆို၊ ဝါဆို ကောက်လန်းတီပန်းများ လှိုင်လှိုင် ဖူးပွင့်ချိန်ရောက်လျှင် လယ်ကန်သင်းရိုးများအကြား အလေ့ကျပေါက်နေသည့် ပန်းများကိုခူးဆွတ်ကာ မုန့်လုပ်ရန် ပြင်ဆင်ကြ၏။ ယနေ့ခေတ်တွင် ကောက်လန်းတီပင်ကို အခြောက်ခံထားပြီး တစ်နှစ်ပတ်လုံး မုန့်ပြုလုပ်ရောင်းချစားသုံးလာကြ၏။

အခြောက်ခံထားသော ကောက်လန်းတီပန်းပွင့်လေးများကို မုန့်ပြုလုပ်လိုသည့်အချိန်တွင် ဦးစွာပြုတ်ပြီးမှ ခရမ်းရောင်အရည်လေး ဖြစ်လာသည့်အခါ အဖတ်များကိုဖယ်ထုတ်ပစ်ပြီး အရည်ကို မုန့်ကြိတ်ဆုံ၌ ကြိတ်ထားသော ဆန်မုန့်နှစ်ရည်နှင့် သမအောင် ရောနှောပေးရ၏။

ပြီးလျှင် အနံ့အရသာ ပိုမိုပြည့်စုံစေရန် ကျိုပြီး စစ်ထားသော မုန့်လုပ်ထန်းလျက်ရည်နှင့်အတူ ဆားအနည်းငယ်ခပ်ကာ ရောမွှေပေးရ၏။ ပြီးလျှင် မုန့်နှစ်ကို ငှက်ပျောရွက်၊ ဝါးရွက်တို့ကို ကတော့ပုံသဏ္ဍာန် ပြုလုပ်ထားပြီး ရေနွေးငွေ့နှင့် နာရီဝက်ခန့် ပေါင်းပေးပါ။ (အရွက်ရှာရခက်ပါက ကြွေ/ဖန်/ စတီးပန်းကန်လုံးလေးများထဲသို့ မုန့်နှစ်ရည်ထည့်ပြီး ပေါင်းနိုင်၏။)

အငွေ့တထောင်းထောင်းထနေပြီး ပန်းရနံ့နှင့်ဖက်ရနံ့တို့ပေါင်းပြီးထွက်လာသည့် အနံ့အရသာနှင့် ပြည့်စုံသည့် ခရမ်းရင့်ရောင် ချိုဆိမ့်ဆိမ့် အရသာ ရှိသော မုန့်လေးကို တစ်လုပ်စာအရွယ်တော်လေး လှီးဖြတ်ပြီးနောက် ဖြူဖွေးနုရွနေသည့် အုန်းသီးခြစ်လေးဖြူးပြီး စားသုံးလိုက်ရင်ဖြင့် မွေးရပ်ဇာတိကို အလွမ်းပြေစေ၏။ ရေနွေးကြမ်းပူပူလေးနှင့်သာဆိုလျှင်တော့ ပိုမိုလိုက်ဖက်နေပြီဖြစ်သည်။



သဘာဝတရားမှပေးသည့် လက်ဆောင်မွန် ကောက်လန်းတီပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုး တန်ဖိုးထားပြီး ရာသီချိန်ခါနှင့်အညီ ဒေသအလိုက် မတူညီ ကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။ ထို့အပြင် မိမိတို့နိုင်ငံအတွက် ဂေဟစနစ်ကောင်းမွန်စေရေး၊ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုများကို ထိန်းသိမ်းရေးနှင့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကိုထိန်းသိမ်းရာလည်း ရောက်စေမည် ဖြစ်ပေ၏။

**ကြေးမုံငယ်**

[redacted]



# တန်ဖိုးမြင့်ရေထွက်ကုန်
## ကဏန်းပျော့၏ သဘာဝနှင့်အသုံးဝင်ပုံ

ကဏန်းများသည် ကမ္ဘာ့သမုဒ္ဒရာရေပြင် ရေချိုပိုင်းနှင့် ကုန်းတွင်းပိုင်းတို့တွင် နေထိုင်လေ့ရှိကြပြီးကမ္ဘာ့အနှံ့အပြားတွင် ကဏန်းမျိုးစိတ်ပေါင်း ၆၇၀၀ ကျော်ခန့်ရှိကြပြီး ကဏန်းအုပ်စုပေါင်း ၉၃ စုခန့်ရှိကြောင်း မှတ်တမ်းများအရ သိရပါသည်။

မြန်မာနိုင်ငံတွင် တွေ့ရှိရသောကဏန်းများမှာ ရွှံ့ကဏန်း/ကဏန်းမဲ(Mud crab)၊ ကဏန်းချေးပုန်း (Mangrove crab)၊ ကဏန်းပြာ (Blue swimming crab) ၊ သဲကဏန်း(Sand crab)၊ ကဏန်းဘုန်းကြီး/ကဏန်းနီ (Spanner crab) တို့ဖြစ်ကြပြီး အခြားကဏန်းမျိုးစိတ်ငယ်များမှာ ခြေနီကဏန်း၊ ကဏန်းဖြူ၊ အုန်းကဏန်း၊ ဝသုံးလုံးကဏန်း၊ မျောက်ကဏန်း၊ ကဏန်းယပ်တောင်၊ တယောထိုးကဏန်း စသဖြင့် ရှိကြသည်။ ကဏန်းမျိုးစိတ်များတွင် ကဏန်းပျော့(Soft-shell crab)မှာ အရေခွံလဲထားသောကဏန်းဖြစ်ပြီး စီးပွားရေးအရ အရေးပါသော နိုင်ငံခြားရေထွက်ပို့ကုန်တစ်မျိုး ဖြစ်ပါသည်။

### ကဏန်းသွင်ပြင်လက္ခဏာနှင့် သဘာဝအလေ့အထ

ကဏန်းတွင် ခြေချောင်း ၅ စုံ ပါရှိပြီး ပထမခြေချောင်းကို ကဏန်းလက်မဟု လူသိများပါသည်။ကဏန်း၏ အပေါ်ခွံ Carapace အရောင်သည် ရွှံ့နှစ်ရောင်ရင့်ရင့်ဖြစ်ပြီး ဘဲဥပုံရှိပါသည်။ကဏန်းအထီး၊ အမ များကို ခွဲခြားရန်အတွက် ဝမ်းဗိုက်ပိုင်း (abdomen)ဘက်ကို လှည့်ကြည့်ခြင်းအားဖြင့် ရင်ဘတ်အဖုံးအပြား (ချက်ပြား)၏ အနေအထားကိုကြည့်၍ လွယ်ကူစွာ ခွဲခြားနိုင်ပါသည်။ ကဏန်းအမမှာ ဝမ်းဗိုက်ပြည့်လုနီးပါး (ဂ) ပုံသဏ္ဍာန်ရှိပြီး အထီးမှာ ချက်ပြားငယ်၍ ထိပ်ချွန်ချွန်(တြိဂံ) ပုံရှိပါသည်။

ကဏန်းများမှာ အသက် (၁-၂) နှစ်အရွယ်တွင် မျိုးပွားနိုင်ကြပြီး ကဏန်း အမမှာ ဥပေါင်း ၁ သိန်းကျော်ထိ ဥဥနိုင်ကြပါသည်။ အသက် (၈-၁၃)နှစ်ထိ သက်တမ်းရှည်ကြပြီး decapod-crustaceans များဖြစ်ကြသည်နှင့်အညီ ကဏန်းများတွင် လက်မ ၁ စုံအပါအဝင် စုစုပေါင်းခြေလက် ၅ စုံပါဝင်ပါသည်။

ကဏန်းများတွင် ကဏန်းပျော့မှာနောက်ဆုံးပေါ် လူကြိုက်အများဆုံးဖြစ်ပြီး မွေးမြူရေးလုပ်ငန်းများတွင် တွင်ကျယ်စွာ လုပ်ကိုင်အောင်မြင်နေကြပါပြီ။ ကဏန်းပျော့တွင် သဘာဝကဏန်းပျော့နှင့် မွေးမြူရေး ကဏန်းပျော့ဟူ၍လည်းရှိကြပါသည်။

### အရေခွံလဲခြင်း

ရေငန်ကဏန်းများသည် ပုံမှန်အတိုင်းဆိုလျှင် ရက်ပေါင်း ၄၅ ရက်နှင့် ၉၀ ရက်အတွင်းတွင် အရေခွံလဲတတ်ကြပါသည်။ ထို့အပြင် ကဏန်းများသည် ၎င်းတို့၏ခန္ဓာကိုယ်မှ အင်္ဂါအစိတ်အပိုင်းတစ်ခုခု ဥပမာ အနေဖြင့် လက်ချောင်းလေးများ တစ်နေရာရာ၌ ကျိုးပဲ့သွားလျှင်လည်း အရေခွံလဲကြပြီး ခန္ဓာကိုယ်မှာ မူလအတိုင်း အကောင်းပကတိ ပြန်ဖြစ်သွားတတ်ကြပါသည်။

အခွံလဲပြီးလျှင် ၈နာရီအတွင်း၌ အရေခွံများ ပြန်မာသွားတတ်သကဲ့သို့ အရေခွံလဲပြီးပြီးချင်း ရေချိုနှင့် စိမ်ခံရလျှင်လည်း အခွံမှာပျော့နေပြီး ရေငန်ပြန်စိမ်ပါက အခွံပြန်မာသွားပါသည်။ထို့ကြောင့် ကဏန်းပျော့မွေးမြူကြသူများသည် အရေခွံလဲပြီး ပျော့နေသောကဏန်းများ ပြန်ပြီးမမာသွားရအောင် အချိန်နှင့်တပြေးညီ စစ်ဆေးနေရပါသည်။ အများအားဖြင့် ကဏန်းပျော့မွေးမြူရေးသည် သဘာဝအတိုင်း အရေခွံလဲသည်ကို စောင့်ဆိုင်းပြီးလုပ်ကိုင်ကြပါသည်။

### သဘာဝကဏန်းပျော့၏ အလေ့အထ

သဘာဝကဏန်းပျော့မှာ ကဏန်းအခွံမာလာပြီဆိုပါက တစ်ကိုယ်လုံး အရေခွံလဲလေ့ရှိတတ်ကြပါသည်။ သနားစရာအကောင်းဆုံးမှာ ကဏန်းအထီးများပင်ဖြစ်ပါသည်။ ကဏန်းဖိုမှာ ကဏန်းမအရေခွံလဲပြီဆိုပါက ခြေလက် ၅ စုံနှင့် ကဏန်းအမတစ်ကောင်လုံးကို ဖက်တွယ်ထားတတ်ပါသည်။ ကဏန်းကိုယ်လုံး ဘေးတဖက်တချက်တွင် အဖျားချွန်ပြီးအဆစ်များပါသည့် ခြေလက်များရှိကြပါသည်။ ကုန်းပေါ်သွားလျှင် ခြေထောက်အဖြစ်သုံးပြီး ရေထဲတွင် လက်အဖြစ်ရေကူးသွားနိုင်ပါသည်။ အောက်ဆုံးရှိ အဆစ် ၁ ချောင်းမှာ ခပ်ပြားပြားဖြစ်နေပါသည်။ လှော်တက်ပြားကဲ့သို့ ရေကိုယက်ပြီး ကူးခတ်နိုင်ဖို့ သဘာဝက ဖန်တီးပေးထားပါသည်။ လက်မကြီး ၂ ချောင်းမှာလည်း ပြွတ်တူလို အဖျားချွန်ထက်ပြီး လိုသလို ညှပ်၍ရပါသည်။

ကဏန်းသဘာဝမှာ အလွန်အသက်ပြင်းလှပါသော်လည်းမျက်စိ ၂ ခုမှာ အညှာတံရှိပြီး မျက်ခွံမရှိသောကြောင့် ဖုံးကွယ်မထားနိုင်၍ မျက်လုံးကို မတော်တဆ ခြင်ကိုက်ပါက ကဏန်းသေတတ်ပါသည်။

မျက်လုံး ၂လုံးအောက်ဘက်တွင် အခွံမာ၂ ခုစီ ဖုံးထားသည့် ကဏန်းပါးစပ်ပေါက်ရှိပြီး ပါးစပ်ထဲတွင်သွားသေးသေးလေးရှိပါသည်။ ကဏန်းဖိုမှာ ကဏန်းမကို လက်မကြီး ၂ချောင်းနှင့် အချိန်ပြည့် အကာအကွယ်ပေးထားပါသည်။ ကဏန်းမမှာ (၄-၅) ရက်ကြာသည်အထိ အရေခွံနုရာမှ အရေခွံမာလာပြီးပါက ကဏန်းဖိုမှ အရေခွံမာကို ခွာချပေးပါသည်။ ထိုရက်များတွင် ကဏန်းထီးမှာ အစာလုံးဝမစားဘဲ ကဏန်းမကို စောင့်ရှောက်ပါသည်။ သို့သော် ကဏန်းထီးအရေခွံလဲပါကကဏန်းမရောက်လာပြီး ကဏန်းထီးတစ်ကောင်လုံးကို သူ့လက်မနှင့်ညှပ်ပြီး စားပစ်လေ့ရှိကြပါသည်။ကဏန်းထီးမှာသနားစဖွယ်ကောင်းလှပေသည်။ ထိုကား သဘာဝကဏန်းပျော့များ အရေခွံလဲခြင်းဖြစ်ပါသည်။

### မွေးမြူရေးကဏန်းပျော့၏ အလေ့အထ

မွေးမြူရေးကဏန်းပျော့မှာမှုခြင်းများထဲသို့ ကဏန်းတစ်ကောင်ခြင်းစီ ထည့်ကြပြီး အခွံလဲတာကို စောင့်ကြည့်ရပါသည်။ အခွံလဲ/မလဲ တစ်နေ့ ၄ ကြိမ်စစ်ကြပြီး အခွံလဲပြီးသားအကောင်တွေ့ပါက ခြင်းထဲမှ ဆယ်ထားရပါသည်။ အခွံလဲပြီးသားကဏန်းများကို အချိန်အတိုင်းအတာတစ်ခုထိ ထားထားပါက အခွံမှာ လဲပြီးပြီးချင်းလိုမပျော့တော့ပဲ ပြန်မာသွားတတ်ပါသည်။ ထို့ကြောင့် အခွံမမာခင်ဆယ်ပြီး ရေခဲရိုက်ထားရသည်ဟု သိရပါသည်။

အိမ်နီးချင်းနိုင်ငံများမှ ကဏန်းပျော့မွေးမြူသူများသည် အချိန်တိုအတွင်းတွင် စီးပွားဖြစ်အများကြီးမွေးမြူ၍ရရှိနိုင်အောင် ခြေလက်များကို တမင်ကျိုးဖဲ့ပြီးမှ လုပ်ဆောင်ကြပါသည်။ထို့အပြင် ကဏန်းပျော့သွားအောင် မွေးမြူဖို့ဆိုလျှင် ပလတ်စတစ်ခြင်းတစ်ခုစီ၌ ကဏန်းတစ်ကောင်သာ ထည့်ရပါသည်။ခြင်းတစ်ခြင်းထဲတွင် အထီးအမ ရော၍ မထည့်ရပေ။ အကြောင်းရင်းမှာ အစာအတွက် အထီးက အမ၏ စားသောက်ခြင်းကို ခံရပြီး သေဆုံးနိုင်ပါသည်။

ယခုအခါ မြန်မာနိုင်ငံတွင်လည်း ကဏန်းအရေပျော့ရရှိစေရန်အတွက် ကဏန်းအခွံမာကောင်များကို ဝယ်ယူပြီး ခြေထောက်နှင့် လက် ၄ ချောင်းကို ဖြတ်၍ ရေထဲချ အစာကျွေးမွေးမြူရခြင်းဖြစ်ပြီး ရေထဲချမွေးမြူလိုက်သည့်ကဏန်းအခွံ

စာ-၁၅ သို့

ပင်လယ်ပြာ(ငါးဦးစီး)